Karen Peace Support Network

KPSN

# တို့မြေများကို လောင်းကစားပစ်ခြင်း

## ရွှေကုက္ကိုလ်ဒေသအား "စစ်မြေပြင်များအဖြစ်မှ ကာစီနိုများအဖြစ်သို့ပြောင်းလဲရေး" နေပြည်တော်၏ မဟာ ဗျူဟာ



Karen Peace Support Network

KPSN

ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ရက်

# တို့မြေများကို လောင်းကစားပစ်ခြင်း

## ရွှေကုက္ကိုလ်ဒေသအား "စစ်မြေပြင်များအဖြစ်မှ ကာစီနိုများအဖြစ်သို့ပြောင်းလဲရေး" နေပြည်တော်၏ မဟာ ဗျူဟာ

မတ် ၂၀၂၀

ရှေ့မျက်နှာဖုံးကာတွန်း

**လိုင်းလုဏ်**

# အတိုကောက်များ

ACFORC - တရုတ်နိုင်ငံလုံးဆိုင်ရာ ပြည်တော်ပြန်နိုင်ငံရပ်ခြားတရုတ် လူမျိုးများအဖွဲ့ချုပ်

BGF - နယ်ခြားစောင့်တပ်

BRI – တရုတ်အစိုးရ၏ခါးပတ်လမ်းစီမံကိန်း

CCIEE – တရုတ်နိုင်ငံ၏နိုင်ငံတကာစီးပွားရေးဖလှယ်မှုဗဟိုဌာန

CRED – တရုတ်နိုင်ငံအမျိုးသား အိမ်ခြံမြေအကျိုးဆောင်ဖွံ့ဖြိုးရေးဖွဲ့

CFOCE – တရုတ်နိုင်ငံ နိုင်ငံရပ်ခြားတရုတ်စီးပွားရေးစွမ်းဆောင်ရှင်များအဖွဲ့ချုပ်

DKBA – တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသား တပ်မတော်

EIA – သဘာဝပတ်ဝန်းကျင်ဆိုင်ရာစုံစမ်းစစ်ဆေးရေးအေဂျင်စီ

GTSEZ – ရွှေကြိုဂံအထူးစီးပွားရေးဇုန်

ID – တပ်မ

IHG – နိုင်ငံတကာဦးပိုင်အုပ်စု

KNU – ကရင်အမျိုးသားအစည်းအရုံး

KNLA – ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်

LIB – ခြေမြန်တပ်ရင်း

MYIHG – မြန်မာရာထိုက်နိုင်ငံတကာကုန်သွယ်ရေးကုမ္ပဏီ

MIC – မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင်

MCC – တရုတ်နိုင်ငံ မက်တယ်လာဂျစ်ကယ် ကော်ပိုရေးရှင်း

SEZ- အထူးစီးပွားရေးဇုံ

SOE- တရုတ်နိုင်ငံ၏ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း

WCEC- ကမ္ဘာလုံးဆိုင်ရာ တရုတ် စီးပွားရေးစွမ်းဆောင်ရှင်များညီလာခံ

# မာတိကာ


အစီရင်ခံစာအနှစ်ချုပ်.......... 4

1. ရွှေကုက္ကိုလ်ဒေသ၏နောက်ခံသမိုင်း.......... 9
   - KNU ခံတပ်စခန်းဟောင်း.......... 9
   - DKBA ပိုက်နက် မှသည် BGF နယ်မြေ.......... 13
   - KNU မှအပစ်အခတ်ရပ်စဲခဲ့ပြီးနောက်ပိုင်း ဗမာ့တပ်မတော်၏နယ်မြေနယ်ချဲ့ထွင်မှု.......... 14

2. ရွှေကုက္ကိုလ် "မြို့သစ်" စီမံကိန်းဖော်ဆောင်မှု.......... 16
   - လယ်ယာမြေသိမ်းဆည်းမှု.......... 16
   - အကြီးစားဆောက်လုပ်မှု၊ တရုတ်အလုပ်သမားများ အလုံးအရင်းနှင့်ဝင်ရောက်လာခြင်း.......... 17
   - အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံတန် "နိုင်ငံတကာအဆင့်မြို့တော်".......... 18
   - လူထုစောင့်ကြည့်ဝေဖန်မှုများ ပိုမိုမြင့်တက်လာခြင်း.......... 20
   - တရားဝင်စစ်ဆေးမှုများမှ စီမံကိန်းရပ်ဆိုင်းရန်အမိန့်ညွှန်ကြားချက်ထွက်ပေါ်လာခြင်း.......... 22
   - မြဝတီဒေသခံများ ဆန့်ကျင်ရပ်တည်လာခဲ့ခြင်း.......... 22

3. ဗမာ့တပ်မတော်ထိပ်တန်းခေါင်းဆောင်ပိုင်းမှကျောထောက်နောက်ခံပြုထားသည့်စီမံကိန်း.......... 24
   - ပင်မစီမံချက်နှင့်အညီ ဖော်ဆောင်လျက်ရှိသောအဆင့်မြင့်ဆောက်လုပ်ရေးလုပ်ငန်း.......... 25
   - အလွန် "ထူးခြားသော" အထူးစီးပွားရေးဇုန်.......... 27
   - နေပြည်တော်၏တိုက်ရိုက်အမိန့်ညွှန်ကြားချက်များအောက်တွင်.......... 28

4. ရာထိုက် IHG- ကြီးကြီးကျယ်ကျယ်ဂုဏ်တင်ပြောကြားမှုများ၊ ဝေဝါးထွေပြားနေသောအရှိတရား.......... 32
   - ရှင်းရှင်းလင်းလင်းမရှိသော ကုမ္ပဏီသမိုင်းကြောင်း.......... 33
   - တရုတ်အစိုးရနှင့်ဆက်နွယ်မှုများရှိသည်ဟူသည့် ဒွိဟဖြစ်စရာအချက်.......... 34
   - အွန်လိုင်းလောင်းကစားလုပ်ငန်း.......... 38

5. "ကာစီနိုအထူးစီးပွားရေးဇုန်များ (Casino SEZs)" - လာအိုနိုင်ငံမှရရှိသောသင်ခန်းစာများ.......... 41
   - အထိန်းအကွပ်မဲ့ပျံ့နှံ့လာသောရာဇဝတ်မှုများ.......... 41
   - ဒေသခံများအတွက် နည်းပါးလှသောအလုပ်အကိုင်များ.......... 41
   - တရားမဝင် တောရိုင်းတိရစ္ဆာန်ရောင်းဝယ်ဖောက်ကားမှု၊ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု.......... 42
   - မူးယစ်ဆေးဝါးတရားမဝင်ရောင်းဝယ်ဖောက်ကားခြင်းနှင့် ငွေကြေးခဝါချခြင်း.......... 43

နိဂုံးနှင့်အကြံပြုချက်များ.......... 44

# အစီရင်ခံစာအနှစ်ချုပ်

ဤအစီရင်ခံစာတမ်းတွင် အငြင်းပွားဖွယ် ရွှေကုက္ကိုလ် "မြို့သစ်" စီမံကိန်းနှင့်ပတ်သက်၍ ရရှိနိုင်သမျှသတင်း အချက်အလက်များကို အသေးစိတ်လေ့လာဆန်းစစ်ကာ သုံးသပ်ဆွေးနွေးတင်ပြထားသည်။ စီမံကိန်းသည် မြဝတီမြို့၏ မြောက်ဘက် ဆယ်မိုင်ခန့်အကွာ ထိုင်း-မြန်မာ နယ်စပ်ရှိ ဌာနေတိုင်းရင်းကရင်လူမျိုးတို့၏နယ်မြေပေါ်တွင် မကာအို စတိုင် ရောမကာစီနိုလောင်းကစားမြို့တော်တစ်ခု တည်ဆောက်လျက်ရှိသော စီမံကိန်းပင်ဖြစ်၏။

စီမံကိန်းရင်းနှီးမြှုပ်နှံသူများမှာ ရာထိုက်နိုင်ငံတကာဦးပိုင်အုပ်စု (Yatai International Holding Group) အမည်ရ ကုမ္ပဏီတစ်ခုဖြစ်ပြီး ဗိုလ်မှူးကြီးချစ်သူဦးဆောင်သည့် နယ်မြေခံ ကရင်နယ်ခြားစောင့်တပ် (BGF) နှင့်မိတ်ဖက်လက်တွဲပူးပေါင်းကာ "မြန်မာရာထိုက်ရွှေကုက္ကိုလ် အထူးစီးပွားရေးဇုန် (Myanmar Yatai Shwe Kokko Special Economic Zone)" စီမံကိန်း ဟူသော အမည်ဖြင့် တရားဝင်အကောင်အထည်ဖော်ဆောင် ရွက်ခြင်းဖြစ်သည်။ ၁၉၉၅ ခုနှစ် အတွင်း ရွှေကုက္ကိုလ်ဒေသနှင့်ကပ်လျက်တည်ရှိသော ကော်မူးရာနယ်စပ် ခံတပ်စခန်းမှ KNU တပ်ဖွဲ့များအား ထိုးစစ်ဆင်တိုက်ထုတ်ခဲ့ပြီးနောက်ပိုင်းကာလတွင် အဆိုပါနယ်မြေဒေသ အပေါ် ထိန်းချုပ်ပိုင်ခွင့်အာဏာကို ဗိုလ်မှူးကြီးချစ်သူ၏တပ်ဖွဲ့ထံသို့ အပ်နှင်းခဲ့ပြီး ၂၀၁၁ ခုနှစ်မှစ၍ ၎င်း၏ တပ်ဖွဲ့ကို ဗမာ့တပ်မတော်အောက်သို့ တရားဝင်ပေါင်းစပ်ထည့်သွင်းခဲ့သည်။

၂၀၁၇ ခုနှစ် အစောပိုင်းကာလတွင် စီမံကိန်းအတွက် လယ်ယာမြေသိမ်းဆည်းမှုများ စတင်ခဲ့၏။ ၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းအရောက်တွင် ထောင်ချီသောတရုတ်အလုပ်သမားများ ရောက်ရှိနေခဲ့ခြင်းနှင့်အတူ ရွှေကုက္ကိုလ်ရွာ အရှေ့ဘက်အရပ်ရှိလယ်ကွင်းများက ကြီးမားကျယ် ပြန့်သောဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခု အဖြစ်သို့ ပြောင်းလဲသွားခဲ့ပြီဖြစ်ပြီး လူနေတိုက်ခန်း များ၊ လုံးချင်းအပန်းဖြေအိမ်ရာများ၊ ဟိုတယ်များနှင့် ကာစီနို လောင်းကစားရုံများ အလျင်အမြန် စတင်ပေါ်ထွက်လာခဲ့သည်။ ဆောက်လုပ်ရေးလုပ်ငန်းတစ်ခုလုံးအနေနှင့်ဆိုလျှင် နယ်စပ်တ လျှောက် ဆယ်မိုင်ကျော်ဆန့်တန်းဖြစ်တည်နေသည့် မြေဧက (၃) သောင်းကျော် လွှမ်းခြုံ ပါဝင် မည်ဖြစ်ပြီး အမေရိကန်ဒေါ်လာ (၁၅) ဘီလီယံ ကုန်ကျမည်ဖြစ်ကြောင်း ကုမ္ပဏီ၏စီမံချက်များ တွင် လေ့လာတွေ့မြင်ခဲ့ရသည်။

တရုတ်အလုပ်သမားများ အလုံးအရင်းဝင်ရောက်လာခြင်းအပေါ် စိုးရိမ်ပူပန်မှုနှင့် ခုစရိုက်မှုများလွှမ်းမိုးဖြစ် တည်လာခြင်းအပေါ် ထိတ်လန့်ကြောက်ရမှုတို့က ဒေသခံများကြား ပိုမိုကြီးမားကျယ်ပြန့်လာခဲ့ချိန်တွင် ထိုစီမံကိန်းအပေါ် သတင်းမီဒီယာများ၏ စိစစ်သုံးသပ်တင် ပြမှုများက ပိုမိုအားကောင်းပြင်းထန်လာခဲ့သည်။ ၂၀၁၉ ခုနှစ် မေလနှင့် ဩဂုတ်လတို့တွင် ကရင် ပြည်နယ်အာဏာပိုင်အဖွဲ့အစည်းများက စီမံကိန်းနယ်မြေ ကွင်းဆင်းစုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုဥပဒေစည်းမျဉ်းစည်းကမ်းများ ချိုးဖောက်မှုကြောင့် အဆိုပါစီမံကိန်း ကို ယာယီဆိုင်းငံ့ထားကြောင်း ဗိုလ်မှူးကြီးချစ်သူက ၂၀၁၉ ခုနှစ် ဩဂုတ်လ (၂၀) ရက်နေ့တွင်

ကျင်းပသည့် နယ်ခြားစောင့်တပ် ကိုးနှစ်ပြည့်နှစ်ပတ်လည်အခမ်းအနားတွင် ထုတ်ပြန်ကြေညာခဲ့သည်။ စီမံကိန်းအတွက် မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ပေးအပ်ခဲ့သော တရားဝင်ခွင့်ပြုမိန့်မှာ (၂၂.၅) ဧကမြေ နေရာပေါ်၌ အဆင့်မြင့်ဇိမ်ခံအိမ်ရာ (၅၉) လုံး ဆောက်လုပ်ရန်အတွက်သာ ဖြစ်သောကြောင့် စီမံကိန်းမှ အလွန်ဆိုးဝါးစွာ ဘောင်ကျော်ဆောက်လုပ်ဖော်ဆောင်နေခြင်း ဖြစ်သည်။

စီမံကိန်းရပ်ဆိုင်းကြောင်းကြေညာခဲ့သော်လည်း ဆောက်လုပ်ရေးလုပ်ငန်းများကို အင်ပြည့်အားပြည့်ဆက်လက်ဖော်ဆောင်နေခဲ့ပြီး စီမံကိန်းလုပ်ငန်းခွင်တွင် ထောင်ပေါင်းများစွာသောတရုတ်အလုပ်သမားများ ဆက်လက်ရှိနေဆဲဖြစ်ကြောင်း ဒေသခံများက ပြောဆိုတင်ပြခဲ့ကြသည်။

ထိုစီမံကိန်းအတွင်း တရုတ်အစိုးရ၏တရားဝင်ပါဝင်ပတ်သက်မှု အတိုင်းအတာပမာဏအကြောင်း ခန့်မှန်းသုံးသပ်ပြောဆိုမှုများ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်တည်နေခဲ့သည်။ ရင်းနှီးမြှုပ်နှံသူတို့ကလည်း အဆိုပါစီမံကိန်းမှာ တရုတ်အစိုးရ၏ခါးပတ်လမ်းစီမံကိန်း (BRI) တွင် အဓိကကျသောအစိတ်အပိုင်းတစ်ရပ်ဖြစ်သည်ဟု အခိုင် အမာဆိုနေကြ၏။ သို့သော် လက်တွေ့မြေပြင်အထောက်အထားများနှင့် ရင်းနှီးမြှုပ်နှံသူတို့၏စျေးကွက်မြှင့် တင်ရေးစာစောင်/ပစ္စည်းများကို အသေးစိတ်ခွဲခြမ်းလေ့လာဆန်းစစ်ကြည့်လျှင် အံ့သြတုန်လှုပ်ဖွယ်ရာ အရှိ တရားတစ်ရပ်ကို တွေ့မြင်နိုင်မည်ဖြစ်သည်။

အွန်လိုင်းလောင်းကစားလုပ်ငန်းက မြို့တော်သစ်၏အဓိကအကျဆုံးလုပ်ငန်းဖြစ်လာမည် (ဖြစ်လည်းဖြစ်နေပြီ) ဟု ယုံကြည်ယူဆရ၏။ ရင်းနှီးမြှုပ်နှံမှုပြုသည့် ရာထိုက်နိုင်ငံတကာဦးပိုင်အုပ်စု (Yatai IHG) သည် ဥပဒေ နှင့်ညီညွတ်သောစီးပွားရေးအဖွဲ့အစည်းတစ်ရပ်အသွင်ဖြင့် ရပ်တည်ဆောင်ရွက်နေသော်လည်း တကယ်တမ်း တွင် ဒေသတွင်းအွန်လိုင်းလောင်းကစားလုပ်ငန်းတစ်ရပ်အတွက် ဟန်ပြမျက်နှာစာအဖွဲ့အစည်းတစ်ခုသာ ဖြစ် သည်။ ဖိလစ်ပိုင်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတွင်းရှိ အလားတူစီးပွားရေးလုပ်ငန်းများမှတဆင့် ငွေပမာဏ အမြောက်အမြားအမြတ်ထုတ်ရယူခဲ့သောကုမ္ပဏီပင်ဖြစ်၏။ ထိုစီမံကိန်းက တရုတ်နိုင်ငံ၏ခါးပတ်လမ်းစီမံကိန်း (BRI) တွင် အစိတ်အပိုင်းတစ်ရပ်အဖြစ်ပါဝင်သည် ဟူသော ကုမ္ပဏီ၏ရပ်တည်ပြောကြားချက်အတွက်လည်း ခိုင်မာသောသက်သေအထောက်အထားဟူ၍ လုံးဝမရှိပေ (ပုံဖျက်လိမ်လည်ထားသောမြေပုံ များနှင့် တရုတ်ထိပ်တန်းအစိုးရအရာရှိကြီးများနှင့်ပတ်သက်ဆက်နွယ်ကြောင်း အလွန်အကျွံချဲ့ကားပုံဖော် ဖန်တီးမှုများသာရှိ၏)။ အွန်လိုင်းလောင်းကစားလုပ်ငန်းများအပေါ် တရုတ်နိုင်ငံ၏ လူသိရှင်ကြား ပြတ်ပြတ်သားသား အရေးယူနှိမ်နင်းမှုများကို ထောက်ရှုလျှင် ယခုလက်ရှိပုံစံဖြင့်ဖော်ဆောင်နေသည့် အဆိုပါစီမံကိန်း မှာ တရုတ်အစိုးရ၏တရားဝင်အားပေးထောက်ခံမှုကို ရရှိဖို့ရန် ဖြစ်နိုင်ခြေမရှိသလောက်နည်းပါးသည်။

အဆိုပါစီးပွားရေးလုပ်ငန်းမှာ ဥပဒေအရတရားဝင်မှုရှိမရှိ သံသယပွားဖွယ်ဖြစ်နေသော်လည်း ထိုအချက်က ၎င်းကို ဗမာပြည်တွင်းရှိ အဆင့်မြင့်ထိပ်တန်းပုဂ္ဂိုလ်များထံမှ ပံ့ပိုးကူညီမှုများ မရနိုင်အောင် ဟန့်တားပိတ်ပင်ခဲ့ခြင်းမရှိပေ။ ထိုမျှကြီးမားပြီး ကုန်ကျစရိတ်များပြားလွန်းလှ

သော စီမံကိန်းတစ်ခုကို နေပြည်တော်စစ်ဘက် ခေါင်းဆောင်များ၏ တရားဝင်ခွင့်ပြုချက်မပါပဲ ထိုမျှအဆင့်အထိ ပြီးမြောက်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန်မှာ လုံးဝ မဖြစ်နိုင်သောကိစ္စရပ်တစ်ခုပင်။ ဗမာ့တပ်မတော်၏ပြောခွင့်ရပုဂ္ဂိုလ်က ထိုစီမံကိန်းအတွက် ကရင် BGF ခေါင်းဆောင် ဗိုလ်မှူးကြီးချစ်သူအပေါ် အပြစ်အားလုံးပုံချရန် ကြိုးပမ်းခဲ့သည်။ BGF က ဗမာ့တပ်မတော်လက်အောက်မှ တပ်ဖွဲ့တစ်ခုဖြစ်ရာ ယင်းသည် ရိုးသားမှုကင်းမဲ့သော ဖြေရှင်းချက်တစ်ရပ်သာဖြစ်၏။ စီမံကိန်းမစတင်မီကပင် ရင်းနှီးမြှုပ်နှံသူတို့က နေပြည်တော်စစ်ဘက်ထိပ်တန်းခေါင်း ဆောင်များနှင့် သဘောတူညီချက်တစ်ရပ်ရယူခဲ့ပြီးဖြစ်ကာ ထို့အတွက် ငွေပမာဏကြီးကြီးမားမားပါဝင်သော လက်သိပ်ထိုးဆောင်ရွက်မှုများ ပြုလုပ်ခဲ့မည်ဖြစ်ကြောင်း ယုံမှားသံသယဖြစ်စရာမရှိပေ။ ထိုစီမံကိန်းသည် ဗမာ့တပ်မတော်ခေါင်းဆောင်များအတွက် အမြတ်ထွက်ဖို့ချည်းသာဖြစ်သော win-win စီမံကိန်းတစ်ခုဖြစ်၏။ အလွန်ကြီးမားသောငွေ ရေးကြေးရေးအကျိုးခံစားခွင့်များရရှိနိုင်မည်ဖြစ်သည့်အပြင် ပိုင်ဆိုင်မှုပဋိပက္ခဖြစ်နေ သော အဆိုပါကရင်ပိုင်နက်နယ်မြေတွင် ၎င်းတို့၏ထိန်းချုပ်မှုအာဏာကို အမြစ်တွယ် စွဲမြဲနိုင်မာလာ အောင် တည်ဆောက်သွားနိုင်မည်ဖြစ်သည်။

ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ယက် (KPSN) ၏ အသေးစိတ်ခွဲခြမ်း လေ့လာဆန်းစစ်ချက်အရ ရွှေကုက္ကိုလ်စီမံကိန်းသည် ဒေသခံကရင်ပြည်သူများအတွက် အကျိုးအမြတ်တစ်စုံတစ်ရာမရှိပဲ နိုင်ငံတကာထိ လုပ်ငန်းချဲ့ထွင်ဆောင်ရွက်နေသော မာဖီးယားဂိုဏ်းများနှင့် ဗမာပြည်စစ်ဘက်ခေါင်းဆောင်များတို့၏ အကျိုးစီးပွားများကိုသာ ဦးတည်ရေးရှုသော စီမံကိန်းတစ်ခုဖြစ်သည်။ "အထူးစီးပွားရေးဇုန်များ" အဖြစ် တံဆိပ်ကပ် နှိပ်ထားသော်လည်း ရာဇဝတ်မှုများ၊ တောရိုင်းတိရစ္ဆာန်တရားမဝင်ရောင်းဝယ်ဖောက်ကား ခြင်းနှင့် ငွေကြေး ခဝါချခြင်းတို့အတွက် ဗဟိုဌာနများဖြစ်သွားခဲ့သည့် လာအိုနိုင်ငံတွင်းမှ တရုတ်ကျောထောက်နောက်ခံ ကာစီနိုစီးပွားရေးလုပ်ငန်းများကို အကောင်းဆုံးသင်ခန်းစာများ အဖြစ် လေ့လာတွေ့မြင်နိုင်မည်ဖြစ်သည်။ ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးသည့်အပြင် ရေရှည်တည်မြဲမှုကင်းမဲ့သော သဘောသဘာဝရှိသည့်စီမံကိန်းများသာဖြစ် သည်။ တရုတ်-လာအိုနယ်စပ်ရှိ "ရွှေဘိုထန်မြို့တော် (Golden Boten City) SEZ" ကို လုပ်ငန်း ဆောင်ရွက်မှုသုံးနှစ်တာကာလအပြီးမှာပင် တရုတ်နိုင်ငံအာဏာပိုင်များ၏ အမိန့်ညွှန်ကြားချက် ဖြင့် ၂၀၁၁ ခုနှစ်တွင် ပိတ်သိမ်းခဲ့ရသည်။

အရေးအကြီးဆုံးအချက်မှာ ရွှေကုက္ကိုလ်ရောမစီမံကိန်းကြီးက လက်ရှိငြိမ်းချမ်းရေး လုပ်ငန်းစဉ်အား မထီလေး စားပြက်ရယ်ပြုနေသည့်လုပ်ငန်းတစ်ရပ် ဖြစ်နေခြင်းပင်။ မိမိတို့ လယ်ယာမြေများ၊ အရင်းအမြစ်များ တို့နှင့်ပတ်သက်၍ ဒေသခံလူမှုအသိုက်အဝန်းများ၏ကိုယ် တိုင်ဆုံးဖြတ်ပိုင်ခွင့်ကို အာမခံပေးနိုင်မည့် ငြိမ်းချမ်း ရေးသဘောတူညီချက်တစ်ရပ်နှင့် ဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် အကောင်အထည်ပေါ်မလာသေးချိန်တွင် နေပြည်တော်စစ် ဘက်ခေါင်းဆောင်များအနေဖြင့် ပိုင်ဆိုင်မှုပဋိပက္ခဖြစ်နေသော ကြီးမားကျယ်ပြန့် သည့်နယ်မြေ တစ်ခုကို နိုင်ငံခြားဝယ်လက်များထံသို့ ထုခွဲရောင်းချပိုင်ခွင့်မရှိပေ။

သို့ဖြစ်ရာ ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ယက် (KPSN) အနေဖြင့် အောက်ပါတောင်းဆိုချက်များ ကို ထုတ်ပြန်လိုက်သည်။

## နေပြည်တော်အစိုးရထံသို့တောင်းဆိုချက်များ


- ရွှေကုက္ကိုလ်အထူးစီးပွားရေးဇုန်စီမံကိန်းနှင့်သက်ဆိုင်သော ကန်ထရိုက်သဘောတူစာချုပ်များအားလုံးကိုချက်ချင်းဖျက်သိမ်းပေးရန်။ ရာထိုက် IHG နှင့် မိတ်ဖက်ကုမ္ပဏီများအား ၎င်းတို့၏ဝန်ထမ်းများ နှင့်စက်ပစ္စည်းကိရိယာများအားလုံးနှင့်အတူ ထိုနယ်မြေဒေသမှ လုပ်ငန်းရုပ်သိမ်းထွက်ခွာသွားရန်အတွက် အမိန့်ညွှန်ကြားချက်တစ်ရပ် ချက်ချင်းထုတ်ပြန်ပေးရန်။
- ခိုင်မာတည်မြဲသောငြိမ်းချမ်းရေးတစ်ရပ် ဖြစ်တည်မလာသေးမီအချိန်အထိ၊ ဖက်ဒရယ်ဖွဲ့စည်းပုံဥပဒေသစ်တစ်ရပ်အရ အာဏာခွဲဝေအပ်နှင်းပြီး ဒေသခံလူမှုအသိုက်အဝန်းများအတွက် ၎င်းတို့ကိုယ် ပိုင်လယ်ယာမြေများနှင့်အရင်းအမြစ်များတို့နှင့်ပတ်သက်သည့် ကိုယ်တိုင်ဆုံးဖြတ်ပိုင်ခွင့်ကို အာမခံချက်ပေးနိုင်ခြင်း မရှိသေးမီအချိန်အထိ တိုင်းရင်းသားဒေသများအတွင်းမှ အကြီးစားရင်းနှီးမြှုပ်နှံမှုစီမံကိန်းများအားလုံးကို ယာယီရပ်ဆိုင်းထားရန်။

## ရာထိုက် IHG ထံသို့တောင်းဆိုချက်

- စီမံကိန်းနှင့်ပတ်သက်သည့်တရားဝင်စာရွက်စာတမ်းများအားလုံးနှင့်အတူ လုပ်ငန်းဖော်ဆောင်ရေးစီမံချက်အပြည့်အစုံကို အများသိအောင်ထုတ်ပြန်ဖော်ပြရန်။

## တရုတ်အစိုးရထံသို့တောင်းဆိုချက်များ

- ရွှေကုက္ကိုလ် အထူးစီးပွားရေးဇုန်စီမံကိန်းကို အရေးပေါ်ကိစ္စရပ်တစ်ခုအနေဖြင့် ပြန်လှန်လေ့ လာသုံးသပ်ကာ ပြည်တွင်းဥပဒေ၊ နိုင်ငံရပ်ခြားတရုတ်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ တရုတ်နိုင်ငံ၏ ဥပဒေ၊ မူဝါဒများနှင့်စည်းမျဉ်းစည်းကမ်းများတို့ကို ဖောက်ဖျက်ခြင်းရှိမရှိ ချက်ချင်းစစ်ဆေး ပေးရန်။ တရုတ်ပြည်မကုမ္ပဏီများနှင့် ၎င်းတို့၏လက်အောက်ခံကုမ္ပဏီများ (ဟောင်ကောင် နှင့် ဗမာပြည်တွင်မှတ်ပုံတင်ထားသောကုမ္ပဏီများအပါအဝင်) ၏ ပါဝင်ပတ်သက်မှုကို စုံစမ်း စစ်ဆေးပြီး အဆိုပါစီမံကိန်းနှင့် စီမံကိန်းအကျိုးသက်ရောက်မှုများကြောင့် တရုတ်ကုမ္ပဏီများ ၏ဂုဏ်သတင်း ထိခိုက်ပျက်စီးခြင်းမရှိစေရန် လိုအပ်သလိုအရေးယူကိုင်တွယ်ဆောင်ရွက် ရန်။
- BRI တွင် ရွှေကုက္ကိုလ်စီမံကိန်း၏ပတ်သက်ဆက်နွယ်မှုအနေအထားကို တရားဝင်ထုတ်ပြန်ပေးရန်နှင့် စီမံကိန်းဖော်ဆောင်သူတို့၏အဆိုအတိုင်း ထိုစီမံကိန်းသည် BRI နှင့် တရုတ်-မြန်မာစီးပွားရေးစင်္ကြံ၏ အစိတ်အပိုင်းတစ်ရပ်ဟုတ်မဟုတ် ရှင်းလင်းချက်ထုတ်ပြန်ပေးရန်။




*ရွှေကုက္ကိုလ် မြို့သစ်စီမံကိန်းတည်နေရာ*

# 1. ရွှေကုက္ကိုလ်ဒေသ၏နောက်ခံသမိုင်း

ရွှေကုက္ကိုလ်ရွာကြီးသည် မြဝတီမြို့၏မြောက်ဘက် (၁၀) မိုင်ခန့်အကွာ သောင်ရင်းမြစ် (Moei River) ၏ အနောက်ဘက်ကမ်းတွင် တည်ရှိသည်။ ရွာအမည်အပြည့်အစုံမှာ ရွှေကုက္ကိုလ်မြိုင် ဖြစ်သော်လည်း "မြိုင်" ကို ထည့်သွင်းသုံးနှုန်းခေါ်ဝေါ်လေ့ မရှိပေ။

ကရင်အမျိုးသားအစည်းအရုံး (KNU) က ထိုနယ်မြေဒေသကို ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ နဘူးမြို့နယ်၏ အစိတ်အပိုင်းအဖြစ်သတ်မှတ်သော်လည်း ဗမာအစိုးရကမူ ၎င်းကို မြဝတီခရိုင်၊ မြဝတီမြို့နယ်၏ အစိတ်အပိုင်းအဖြစ် သတ်မှတ်ထားသည်။

ရွှေကုက္ကိုလ်ဒေသသည် ဒေါနတောင်တန်း၏အရှေ့ဘက် သောင်ရင်းမြစ်ဝှမ်းလွင်ပြင်တွင် တည်ရှိသည်။ ထို နယ်မြေဒေသရှိ နဂိုမူလရွာများထဲတွင် ရွှေကုက္ကိုလ်ရွာ မပါဝင်ပေ။ မူလအစက ထိုဒေသ၏အဓိကရွာမှာ မဲပယ့် (Mae Pae) ရွာဖြစ်ပြီး ယခုရွှေကုက္ကိုလ်ရွာတည်နေရာ၏မြောက်ဘက် ခြောက်မိုင်ခန့်အကွာတွင်တည်ရှိသော ကရင်တိုင်းရင်းသားကျေးရွာတစ်ရွာဖြစ်သည်။

ဒေါနတောင်တန်းသည် ပထဝီအနေအထားအရ ဆယ်စုနှစ်များစွာကြာအောင် ဗမာအစိုးရတပ်၏ရန်မှ ကာကွယ်ပေးသော အရံအတားတစ်ခုဖြစ်ခဲ့ရာ KNU အနေဖြင့် နယ်စပ်ဒေသတလျှောက်ရှိ နယ်မြေဒေသအများစုကို ၁၉၇၀ နှစ်ကာလများအလယ်ပိုင်းအထိ ထိန်းချုပ်ထားနိုင်ခဲ့သည်။

## KNU ခံတပ်စခန်းဟောင်း

၁၉၆၈ ခုနှစ်တွင် KNU သည် ယခုလက်ရှိရွှေကုက္ကိုလ်ရွာတည်ရှိသောနေရာ၏ တောင်ဘက်နား၊ သောင်ရင်း မြစ်ပေါ်တွင် နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခုဖွင့်လှစ်ခဲ့၏။ "ကော်မူးရာ" (ကရင်ဘာသာဖြင့် "ကောင်းချီးပေး ခြင်းခံရသောမြေ" ဟုအဓိပ္ပာယ်ရ၏) ဟု အမည်ရသောအဆိုပါစခန်းကို "ဝမ်ခ" (ထိုင်းအမည် "Wang Kaew" မှလာသည်) စခန်းဟူ၍လည်း လူသိများထင်ရှားပြီး KNU ခေါင်းဆောင် ဗိုလ်ချုပ်စောဗိုလ်မြ ဖွဲ့စည်းခဲ့သည့် အမှတ် (၁၀၁) အထူးတပ်ရင်း၏ထိန်းချုပ်မှုအောက်တွင်ရှိသည်။ ထိုကာလတွင် အဆိုပါစခန်းသည် အဓိကကျ သော ကုန်သွယ်ရေးစခန်းတစ်ခုဖြစ်ခဲ့ပြီး KNU အတွက် အလွန်အရေးပါသော အခွန်ဘဏ္ဍာရင်းမြစ် တစ်ရပ်ဖြစ်ခဲ့ပေသည်။



*ကော်မူးရာကျေးရွာ၏ မူလပုံ*




*ကော်မူးရာ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း*



*ကော်မူးရာရှိ ကေအဲန်ယူ အုပ်ချုပ်ရေးအဖွဲ့ဝင်များ*

၁၉၇၇ ခုနှစ်တွင် အလွန်အရေးပါသော ကော်မူးရာနယ်စပ်စခန်းကို သိမ်းပိုက်နိုင်ရန် အတွက် ဗမာ့တပ်မတော်က ပြင်းပြင်းထန်ထန် ထိုးစစ်ဆင်တိုက်ခိုက်မှုတစ်ရပ် ပြုလုပ်ခဲ့သည်။ အစပိုင်းတွင် KNU တပ်များ တပ်ဆုပ် စွန့်ခွာခဲ့ရသော်လည်း နှစ်လတာကြာမြင့်သည့် ပြင်းထန်သောတိုက်ပွဲများအပြီးတွင် ထိုစခန်းကိုပြန်လည်သိမ်း ပိုက်နိုင်ခဲ့သည်။ ထို့နောက် KNU က ၎င်းတို့၏အခြေစိုက်စခန်းကို သောင်ရင်းမြစ်ကြောင့် ဂငယ်ကွေးသဏ္ဍာန် ဖြစ်တည်နေပြီး သုံးဘက်သုံးတန်တွင် ထိုင်းနိုင်ငံကထိုင်းရံထားသည့် (မူလစခန်း၏အရှေ့ဘက်တွင်ရှိသော) နယ်မြေတစ်ခုဆီသို့ပြောင်းရွှေ့ခဲ့သည်။ သဘာဝပထဝီမြေအနေအထားက တိုက်ခိုက်မှုမှ ကောင်းစွာကာကွယ် ပေးနိုင်သောကြောင့်ဖြစ်သည်။

KNU သည် ဝမ်ခ/ကော်မူးရာစခန်းသစ်မှတဆင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်ဆောင် ရွက်နိုင်ခဲ့သည်။ သို့သော် ၁၉၈၄ ခုနှစ်တွင် ဗမာ့တပ်မတော်က ဝမ်ခ အပါအဝင် ထိုင်း-ဗမာနယ်စပ်မှ KNU စခန်းများကို အသစ်တဖန်ထိုးစစ်ဆင်တိုက်ခိုက်ခဲ့၏။ အဆိုပါထိုးစစ်များကြောင့် မြောက်မြားလှစွာသောရွာသူ ရွာသားများမှာ သောင်ရင်းမြစ်ကို ဖြတ်ကျော်ထွက်ပြေးခဲ့ရပြီး ထိုင်းနိုင်ငံဘက်ခြမ်းတွင် ပထမဆုံးသော ဒုက္ခသည်စခန်းများ ဖွင့်လှစ်ကာ တိမ်းရှောင်ခိုလှုံခဲ့ကြသည်။ ဝမ်ခမှ ဒုက္ခသည်များက ဟွေးကလော့ (Huay Kalok) တွင် ဒုက္ခသည်စခန်းတစ်ခုဖွင့်လှစ်ကာ လူပေါင်း (၁၇၀၀) ခန့် စတင်ခိုလှုံနေထိုင်ခဲ့သည်။


KNU က ဝမ်ခစခန်းကို ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သော်လည်း ထို့နောက်ပိုင်း ဆယ်နှစ်တာကာလတလျှောက်လုံးတွင် ဗမာ့တပ်မတော်၏တိုက်ခိုက်မှုများကို မကြာခဏဆို သလို ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ သို့ဖြစ်ရာ ထိုနယ်မြေဒေသအတွင်း စစ်ရေးပြင်ဆင်မြှင့်တင်မှု များ ကြီးမားပြင်းထန်လာခဲ့ပြီး KNU က စခန်း နယ်မြေသို့အဝင်ဘက်ခြမ်း အနောက်ဘက်စည်း ရိုးတလျှောက်တွင် သံဆူးကြိုးများ အထပ်ထပ်ကာရံခဲ့သည့် အပြင်အင်္ဂတေဘန်ကာများ အခိုင်အမာတည်ဆောက်ခဲ့သည်။



*တပ်မတော်မှ တိုက်ခိုက်သိမ်းပိုက်ပြီးနောက် ကော်မူးရာအား အပေါ်စီးမှ မြင်တွေ့ရပုံ*


၁၉၈၈ ခုနှစ် နှင့် ၁၉၈၉ ခုနှစ်တွင် ဗမာ့တပ်မတော် အမှတ် (၃၃)၊ (၄၄) နှင့် (၆၆) ခြေမြန်တပ်မဌာနချုပ်တို့က ထိုင်းနိုင်ငံ နယ်စပ်တလျှောက်ရှိ KNU စခန်းများကို ပြင်းပြင်းထန်ထန် တိုက်ခိုက်ခဲ့ပြီး မဲသဝေါ၊ မဲသရီး၊ မော်ဖိုးကေ၊ မဲလ၊ ဖလူးနှင့် သေဘောဘိုး စခန်းတို့ကို သိမ်းပိုက်နိုင်ခဲ့သည်။ သို့သော် ဝမ်ခစခန်းကိုမူ အကာအကွယ်ကောင်းမွန်သော ပထဝီမြေအနေအထားကြောင့် တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ခြင်း မရှိပေ။

၁၉၈၉ ခုနှစ် ဧပြီလမှ ၁၉၉၀ ခုနှစ် ဖေဖော်ဝါရီလထိ ကာလအတွင်း ၎င်း၏တပ်များက ဝမ်ခစခန်းသစ်ကို အကြိမ်ကြိမ်ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သော်လည်း သိမ်းပိုက်နိုင်ခဲ့ခြင်းမရှိကြောင်း အမှတ် (၃၃) ခြေမြန်တပ်မ ဌာနချုပ် ဗမာ့တပ်မတော်အရာရှိဟောင်းတစ်ဦးက ဗမာသတင်းစာဆောင်းပါးတစ်စောင်တွင်[1] ရေးသား ဖော်ပြခဲ့သည်။




*၁၉၈၈ ခုနှစ်မတိုင်မီ သောင်းရင်းမြစ်တစ်လျှောက်ရှိ ကေအဲန်ယူ ထိန်းချုပ်ရာနေရာများ*

အမှတ် (၃၃) ခြေမြန်တပ်မဌာနချုပ်လက်အောက်ရှိ အမှတ် (၃၃၁) နည်းဗျူဟာကွပ်ကဲမှုအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ခြေမြန်တပ်ရင်းသုံးခု (ခမရ ၃၃၊ ၁၂၊ ၁၆) တို့က လက်နက်ကြီးပစ်ခတ်တိုက်ခိုက်မှုများနှင့် မြေပြင်စစ်ပွဲများ ဆင်နွှဲခဲ့သော်လည်း အရာမရောက်ခဲ့ကြောင်း အဆိုပါအရာရှိက ထုတ်ဖော်ရေးသားဖော်ပြခဲ့၏။ ခိုင်ခံ့ထူထဲသောအင်္ဂတေဘန်ကာများက လက်နက်ကြီးကျည်ဆန်များကိုခံနိုင်ရည်ရှိပြီး ဝမ်ခစခန်းအဝင်ဘက်ခြမ်းမှ ကတုပ်များကလည်း မပျက်မစီးပဲရှိနေခဲ့သည်။ ဗမာတပ်ဖွဲ့များက သောင်ရင်းမြစ်ကိုဖြတ်ကူးကာ စခန်းအနောက်ဘက်မှတိုက်ခိုက်ရန်ကြိုးပမ်းခဲ့သော်လည်း ထိုင်းစစ်တပ်၏တားဆီးပစ်ခတ်တိုက်ခိုက်မှုများကြောင့် မတတ်သာပဲပြန်လည်ဆုတ်ခွာခဲ့ရသည် ဟူ၏။



*Myanmar Than Daw Sint News*

*၁၉၈၉ ခုနှစ်အတွင်း ဝမ်ခသစ်အား ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သောတမ်မတော်မြေပုံ*

KNU မှ ခွဲထွက်ကာ အသစ်ဖွဲ့စည်းတည်ထောင်လိုက်သည့် တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသား တပ်မတော် (DKBA) ၏အကူအညီဖြင့် ဗမာ့တပ်မတော် အမှတ် (၄၄) ခြေမြန်တပ်မဌာနချုပ်က ဝမ်ခစခန်းကို ၁၉၉၄ ခုနှစ် ဒီဇင်ဘာလတွင် အသစ်တဖန်ထိုးစစ်ဆင်နွှဲခဲ့ပြီး ၁၉၉၅ ခုနှစ် ဖေဖော်ဝါရီလတွင် သိမ်းပိုက်ထိန်း ချုပ်နိုင်ခဲ့သည်။ ၁၀၅ မမ အမြောက်ကျည်များဖြင့် အနီးကပ်ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အင်္ဂတေဘန်ကာ များပြိုလဲပျက်စီးသွားခဲ့သဖြင့် KNU တပ်များက စခန်းကိုစွန့်ကာ ဆုတ်ခွာတိမ်းရှောင်ခဲ့ရသည်။

ဝမ်ခစခန်းသိမ်းတိုက်ပွဲများအတွင်း ဗမာ့တပ်မတော်မှတပ်သား ၆၀၀ ခန့် အသက်ဆုံးရှုံးခဲ့ရပြီး ထောင်နှင့်ချီ ထိခိုက်ဒဏ်ရာရခဲ့သည်ဟု ဗမာသတင်းမီဒီယာများက အစီရင်ခံတင်ပြခဲ့ကြသည်။[2] တပ်သားများစွာသေကြေ ပျက်စီးခဲ့ရသည့် ဝမ်ခစခန်းအဝင်ဝတွင် ဗုဒ္ဓဘုရားစေတီတစ်ဆူကို တည်ထားခဲ့ကြသည်။

၁၉၉၇ ခုနှစ် ဇန်နဝါရီလ ၂၈ ရက် ညနက်ချိန်တစ်ခုတွင် ရာနှင့်ချီသော DKBA တပ်ဖွဲ့များက ထိုင်းနိုင်ငံအတွင်းသို့ နယ်စပ်ဖြတ်ကျော်ဝင်ရောက်ပြီး ဝမ်ခမှရွာသူရွာသားများ ခိုလှုံနေထိုင်သည့် ဟွေးကလော့ (Huay Kalok) နှင့် ဟွေးဘုံး (ဒုံဖကျန်) (Huay Bone (Don Pa Kiang)) ဒုက္ခသည်စခန်းများကို မီးတင်ရှို့ဖျက်ဆီးခဲ့သည်။ ထို့အတွက် ဒုက္ခသည်များစွာ







*The Border Consortium*

*၁၉၉၂ ခုနှစ်အတွင်း ပေါင်းစည်းခဲ့သော ကရင်ဒုက္ခသည်စခန်းများ*

*၂၀၁၉ ခုနှစ်အတွင်းပေါင်းစည်းခဲ့သော ကရင်ဒုက္ခသည်စခန်းများ*

သေကြေပျက်စီးခဲ့ရပြီး လူပေါင်း ၁၀၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရ၏။ တိုက်ခိုက် ဖျက်စီးမှုများ ထပ်မံဖြစ်ပွားလာခဲ့ပြီးနောက် ထိုဒုက္ခသည်များကို နယ်စပ်တလျှောက်ဒုက္ခသည်စခန်းများ အား ပေါင်းစပ်စုစည်းရေးလုပ်ငန်းစဉ်တစ်ရပ်ဖြင့် မယ်လ (Mae La) နှင့် အုန်းပြန် (Umpiem) ဒုက္ခသည်စခန်းများ သို့ ပြောင်းရွှေ့ခိုလှုံစေခဲ့သည်။

## DKBA ပိုင်နက် မှသည် BGF နယ်မြေ

တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော်(DKBA) ၏ ခေါင်းဆောင် တစ်ဦးဖြစ်သည့် စောချစ်သူမှာ ဝမ်ခစခန်းတွင်အခြေစိုက်သော KNU အထူးတပ်ရင်း (၁၀၁) ၏ အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်သည်။ DKBA တပ်ရင်း (၉၉၉) ၏ တပ်ရင်းမှူးဖြစ်လာခဲ့ကာ ဗမာ့တပ်မတော်၏ ကော်မူးရာစခန်းသိမ်းတိုက်ပွဲတွင် ပါဝင်ကူညီတိုက်ခိုက်ခဲ့ပြီးနောက် ၎င်း၏တပ်ဖွဲ့များက ထိုနယ်မြေဒေသအတွင်းရှိ သစ်ထုတ်လုပ်ငန်းအပါအဝင် ငွေကြေးအကျိုး အမြတ်အလွန်ကြီးမားသော နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းကို ထိန်းချုပ်စီမံပိုင်ခွင့် ရရှိခဲ့သည်။ ကော်မူးရာစခန်း၏မြောက်ဘက်တွင် သစ်ခွဲစက်ရုံတစ်ရုံတည်ထောင်လုပ်ကိုင်ခဲ့ရာ နှစ်ကာလ အနည်းငယ် အတွင်း၌ DKBA မိသားစုများ၊ အလုပ်သမားများနှင့် ကုန်သည်များက သစ်စခန်းပတ် ပတ်လည်တွင် အခြေချ နေထိုင်လာကြပြီး ရွှေကုက္ကိုလ်ကျေးရွာဖြစ်တည်လာခဲ့သည်။

၂၀၁၀ ခုနှစ် စက်တင်ဘာလတွင် DKBA ကို တပ်ရင်း ၁၃ ခု ပါဝင်သော ဗမာ့တပ်မတော် လက်အောက်ခံ ကရင်နယ်ခြားစောင့်တပ် (BGF) အဖြစ်တရားဝင်ပြောင်းလဲခဲ့သည်။ စောချစ်သူမှာ


တပ်ရင်း (၁၀၁၇)၊ (၁၀၁၈) နှင့် (၁၀၁၉) တို့ကို ကြီးကြပ်ကွပ်ကဲရသည့် ဒုတိယတပ်ရင်းမှူးအဖြစ်ခန့်အပ်ခြင်းခံခဲ့ရပြီး ယခုအခါတွင် ရွှေကုက္ကိုလ်၌ အခြေစိုက်သော ကရင် BGF စစ်ဌာနချုပ်၏ ဝါရင့်အကြံပေးနှင့် အထွေထွေအတွင်းရေးမှူး ဖြစ်လာခဲ့သည်။ ရွှေကုက္ကိုလ်တွင် ရပ်ရွာဒေသခံ ၆၀၀၀ ခန့်နေထိုင်လျက်ရှိပြီး အများစုမှာ ကရင်လူမျိုးများ ဖြစ်သည်။

## KNU မှ အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုပြုပြီးနောက်ပိုင်း ဗမာ့တပ်မတော်၏နယ်မြေနယ်ချဲ့ထွင်မှု

၂၀၁၂ ခုနှစ်အတွင်း KNU နှင့် ဗမာအစိုးရကြား လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သော နှစ်ဦးနှစ်ဘက် ပစ်ခတ်တိုက် ခိုက်မှုရပ်စဲရေးသဘောတူညီချက်တစ်ရပ်က မြဝတီမြို့၏မြောက်ဘက်ပိုင်းရှိနယ်မြေဒေသအတွင်းမှ ဗမာတပ် များကို ဆုတ်ခွာသွားအောင် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းမရှိပေ။ ထိုသို့ဆုတ်ခွာသွားရမည့်အစား ဗမာ့တပ်မတော် သည် ဘားအံခရိုင်အတွင်း၌ ထိုင်းနိုင်ငံနယ်စပ်ရှိမဲသဝေါမှ မြိုင်ကြီးငူအနီးတွင်တည်ရှိသောသံလွင်မြစ်သို့ ဆက်သွယ်သည့်လမ်းကြောင်းတလျှောက်တွင် တပ်စခန်း (၁၁) ခု ကို ထပ်မံတိုးချဲ့တည်ဆောက်ခဲ့သည်။ ထိုလမ်းကြောင်းသည် ထိုင်းနိုင်ငံနယ်စပ်ရှိ ဗမာ့တပ်မတော်အခြေစိုက်စခန်းများအတွက် အလွန်အရေးပါသော ထောက်ပံ့ရေးလမ်းကြောင်းတစ်ခုဖြစ်ပြီး KNU ထိန်းချုပ်နယ်မြေကို ပိုင်းခြမ်းဖြတ်သန်းသွား၏။ မာနယ်ပလော KNU ဌာနချုပ်ဟောင်း၏တောင်ဘက်နှင့် ယခုလက်ရှိ လေဝါး KNU ဌာနချုပ်၏မြောက်ဘက်တွင် ဖြတ်သန်း သွားသောလမ်းကြောင်းပင်ဖြစ်သည်။ ထိုင်းနိုင်ငံသို့ဆက်သွယ်သောအဆိုပါလမ်းကြောင်းကိုထိန်းချုပ်ခြင်း က သံလွင်မြစ်ပေါ်တွင် အလွန်ကြီးမားသောဟတ်ကြီးရေကာတာတည်ဆောက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုတစ်ရပ်လည်းဖြစ်သည်။ ဟတ်ကြီးရေကာတာစီမံကိန်းကို ထိုင်းနိုင်ငံ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး အာဏာပိုင်အဖွဲ့ (the Electricity Generating Authority of Thailand) နှင့် တရုတ်ရေအားလျှပ်စစ်ကော်ပိုရေးရှင်း (Sinohydro Corporation) တို့က ထိုင်းနိုင်ငံသို့လျှပ်စစ်ဓာတ်အားတင်ပို့ရောင်းချရန်အတွက် စီစဉ် ရေးဆွဲခဲ့ခြင်းဖြစ်သည်။ သံလွင်မြစ်ကြောင်းတလျှောက် တောတောင်ထူထပ်ပြီး မဟာဗျူဟာကျသော အဆိုပါ နယ်မြေဒေသကို ထိန်းချုပ်ထားနိုင်ရန်အတွက် ဗမာ့တပ်မတော်ကို ကရင် BGF တပ်ရင်း (၁၀၁၁) နှင့် (၁၀၁၂) တို့က ပံ့ပိုးကူညီနေခဲ့သည်ဖြစ်ရာ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA)၊ DKBA ခွဲထွက် အုပ်စု တို့နှင့် အဆိုပါတပ်ရင်းများကြားမှ တိုက်ပွဲများကြောင့် ၂၀၁၆ ခုနှစ်တွင် ရွာသူရွာသား ၅၀၀၀ ကျော် နေရပ်စွန့်ခွာတိမ်းရှောင်ထွက်ပြေးခဲ့ရသည်။

ထိုသို့ပူးပေါင်းကူညီဆောင်ရွက်မှုများအတွက် ဆုလာဒ်တစ်ခုအနေနှင့် ၂၀၁၄ ခုနှစ်တွင် စောချစ်သူကို ဂုဏ်ထူး ဆောင်ပြန်တမ်းဝင်တပ်မတော်အရာရှိတစ်ဦးအဖြစ် ခန့်အပ်ခဲ့သည်။ ဗိုလ်မှူးကြီးအဆင့်သို့ ရာထူးတိုးမြှင့်ခံရ သည့် BGF ခေါင်းဆောင်လေးဦးတွင် တစ်ဦးအပါအဝင်ဖြစ်သည့် စောချစ်သူကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ် မင်းအောင်လှိုင်ကိုယ်တိုင် အဆောင်အယောင်တံဆိပ် (badge) တပ်ဆင်ချီးမြှင့်ခဲ့သည်။

# ဖားအံခရိုင် တပ်မဟာ (၇) နယ်မြေ




Legend

- နယ်ခြားစောင့်တပ်
- ၂၀၁၂ နောက်ပိုင်း တပ်စခန်း
- ၂၀၁၂ မတိုင်မီ တပ်စခန်း

*၂၀၁၂ အပစ်ရပ်အပြီး ဘားအံခရိုင်အတွင်း တပ်မတော်၏ စစ်တပ်တိုးချဲ့မှုများ*

# 2. ရွှေကုက္ကိုလ် "မြို့သစ်" စီမံကိန်းဖော်ဆောင်မှု

## လယ်ယာမြေသိမ်းဆည်းမှု

ရွှေကုက္ကိုလ်ဒေသခံများသည် ထိုစီမံကိန်းသစ်အကြောင်းကို ၂၀၁၇ ခုနှစ်အစောပိုင်းမှ သာပထမဆုံးအကြိမ် စတင်ကြားသိခဲ့ရသည်။ BGF အာဏာပိုင်များက ကျေးရွာဘုရားစေတီတွင် အစည်းအဝေးတစ်ရပ် ခေါ်ယူ ကျင်းပပြီး "မြို့သစ်ချဲ့ထွင်ရေးလုပ်ငန်းအတွက်" ၎င်းတို့၏လယ်ယာမြေများကို သိမ်းယူသွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားလာခဲ့ခြင်းကြောင့် ဖြစ်သည်။[3]

စီမံကိန်း၏သဘောသဘာဝနှင့်ပတ်သက်၍ ၎င်းတို့ကိုအသိပေးဆွေးနွေးခြင်းမျိုး အလျဉ်းမရှိပေ။ ထိုစီမံကိန်းက လုပ်ငန်းခွင်များဖန်တီးပေးစွမ်းနိုင်မည်ဖြစ်ရာ ၎င်းတို့အနေနှင့် လယ်ယာစိုက်ပျိုးစရာမလိုတော့ပဲ သက်တောင့်သက်သာ နေထိုင်သွားနိုင်မည်ဖြစ်ကြောင်းသာ ပြောကြားခဲ့သည်။ ထိုစီမံကိန်းသည် မြဝတီမြို့ အထိဆန့်တန်းဖြစ်တည်နေသောနယ်မြေဒေသတလျှောက်လုံးတွင် ကျယ်ကျယ်ပြန့်ပြန့်ဖော်ဆောင်သွားမည့် ဧရာမစီမံကိန်းကြီးတစ်ခုဖြစ်သည်ဟူသည့် အတည်ပြုချက်မရှိသော သတင်းများကိုလည်း ဒေသခံများကြားနေခဲ့ရသည်။

၎င်းတို့၏လယ်ယာမြေများအတွက် တစ်ဧကလျှင် ဘတ်ငါးသောင်း (အမေရိကန်ဒေါ်လာ ၁၆၄၁ ခန့်) နှုန်းဖြင့် လျော်ကြေးပေးအပ်သွားမည်ဟု ရွာသူရွာသားများကို ကတိပြုခဲ့သည်။ မြေယာပေါ်ရှိနေအိမ်အဆောက်အဦး တိုင်းအတွက် အိမ်အရွယ်အစားနှင့်အခြေအနေပေါ်မူတည်ပြီး ဘတ်ငွေတစ်သိန်း (အမေရိကန်ဒေါ်လာ ၃၂၈၂) မှ ဘတ်ငွေတစ်သိန်းငါးသောင်း (အမေရိကန်ဒေါ်လာ ၄၉၂၄) အထိ အပိုဆောင်းပေးလျော်သွားမည်ဖြစ်သည် ဟူ၏။ သိမ်းဆည်းမြေလျော်ကြေးပေးမှုကိစ္စရပ်နှင့်ပတ်သက်၍ ရွာသူရွာသားများမှာ ခေါင်းငြိမ့်လက်ခံရုံကလွဲ၍ အခြားရွေးချယ်စရာမရှိခဲ့ပေ။

ထိုစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုပြုသောကုမ္ပဏီမှာ မြန်မာရာထိုက်နိုင်ငံတကာကုန်သွယ်ရေးကုမ္ပဏီ (MYITC) ဖြစ်၏။ ဟောင်ကောင်တွင်မှတ်ပုံတင်ထားသော ရာထိုက်နိုင်ငံတကာဦးပိုင်အုပ်စု (IHG) မှ ဖွဲ့စည်း တည်ထောင်ခဲ့သော အဆိုပါကုမ္ပဏီသည် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံစီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနတွင် မှတ်ပုံတင်ခဲ့သည်။[4] ၎င်းတို့နှင့်လက်တွဲပူးပေါင်းဆောင်ရွက်သည့် မြန်မာပြည်တွင်းမှ မိတ်ဖက်ကုမ္ပဏီမှာ စောချစ်သူ၏ ချစ်လင်းမြိုင်ကုမ္ပဏီ ဖြစ်သည်။

# အကြီးစားဆောက်လုပ်မှု၊ တရုတ်အလုပ်သမားများ အလုံးအရင်းနှင့် ဝင်ရောက်လာခြင်း

၂၀၁၈ ခုနှစ် မတ်လတွင် ကွန်ကရစ်စက်ရုံတစ်ခုဆောက်လုပ်ရန်နေရာအတွက် နေအိမ်အများအပြားကို ဖြိုချ ဖျက်ဆီးခဲ့ပြီးဖြစ်သည့်အပြင် တရုတ်အလုပ်သမားများစွာတို့က ရွှေကုက္ကိုလ်ရွာအရှေ့ဘက်၌ လူနေတိုက်ခန်းများ စတင်လာရောက်ဆောက်လုပ်နေခဲ့ပြီဖြစ်သည်။ အစပိုင်းတွင် ထိုတရုတ်အလုပ်သမားများက မြဝတီမြို့ တွင်နေထိုင်ခဲ့ကြသော်လည်း နောက်ပိုင်းတွင် ရွှေကုက္ကိုလ်ရှိ အလုပ်သမားအိမ်ရာများသို့ ပြောင်းရွှေ့ဝင်ရောက်နေထိုင်ခဲ့ကြသည်။ ဆောက်လုပ်ရေးနယ်မြေကို ပိတ်ဆို့ကာရံထားခဲ့ပြီး ပြင်ပလူများဝင်ရောက်မှုကို ပိတ်ပင်တားမြစ်ခဲ့သည်။

၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းသို့ရောက်ချိန်၌ ရွှေကုက္ကိုလ်ရွာ၏အရှေ့ဘက်၊ သောင်ရင်းမြစ်တလျှောက်ရှိ နယ်မြေ ဒေသတစ်ခုလုံးထိ တိုးချဲ့ဖော်ဆောင်နေသောစီမံကိန်းတွင် တရုတ်အလုပ်သမားပေါင်း ၁၀၀၀၀ ခန့် ပါဝင်လုပ်ကိုင်နေခဲ့ပြီးဖြစ်ကြောင်း ဒေသခံများက ခန့်မှန်းထားကြသည်။ တရုတ်အလုပ်သမားအချို့က ဗမာပြည်၏ အခြားအစိတ်အပိုင်းများ (ဥပမာ ရှမ်းပြည်နယ်မြောက်ပိုင်း) မှ ဖြစ်သော်လည်း အများစုမှာ နိုင်ငံရပ်ခြားမှ လာရောက်ခြင်းဖြစ်ပြီး ဗမာစကားမပြောတတ်ပေ။ ထိုသူတို့သည် ထိုင်းနိုင်ငံဘက်ခြမ်းမှ နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာခဲ့ခြင်းဖြစ်ပြီး ဗမာပြည်ဝင်ခွင့်ဗီဇာများ ကိုင်ဆောင်ထားခြင်းမရှိဟု ယုံကြည်ယူဆရသည်။

ခန့်မှန်းခြေ တရုတ်အလုပ်သမား ၁၀၀၀ ခန့်ကို လုံခြုံရေးဝန်ထမ်းများအဖြစ် လေ့ကျင့်သင့်ကြားထား၏။ ထိုသူတို့အနက် အချို့မှာ ယူနန်ပြည်နယ် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ တပ်သားဟောင်းများဖြစ်သည်။

ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် တရုတ်လူမျိုးဝန်ထမ်းများအပြင် ဗမာပြည်တွင်းမှ ရာပေါင်းများစွာသော ကာယအလုပ်သမားများ အလုပ်လုပ်ကိုင်နေခဲ့ရာ အများစုမှာ ရွှေကုက္ကိုလ်ဒေသခံမဟုတ်သူများဖြစ်သည်။

ဘူဒိုဇာများနှင့် ဘိလပ်မြေထုတ်လုပ်ရေးစက်ကိရိယာများ ကဲ့သို့သော ဆောက်လုပ်ရေးစက်ယန္တယားများ မှာ တရုတ်နိုင်ငံထုတ်စက်ယန္တယားများ (SANY နှင့် XCMG ကုန်အမှတ်တံဆိပ်များပါရှိသည်) ဖြစ်၏။ ဆောက်လုပ် ရေးပစ္စည်းအချို့မှာ ဗမာပြည်တွင်းမှဖြစ်ပြီး အချို့မှာ ထိုင်းနိုင်ငံမှဝင်လာခြင်းဖြစ်ကြောင်း ဒေသခံများက ပြောဆိုတင်ပြခဲ့ကြသည်။ လျှပ်စစ်ဓာတ်အားကိုမူ ထိုင်းနိုင်ငံဘက်ခြမ်းမှ ရယူအသုံးပြုနေခဲ့သည်။




Yatai IHG

*ပြင်ဆင်ထားသော ရွှေကုက္ကိုလ် မြို့သစ်စီမံကိန်းပုံစံ*

## အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံတန် "နိုင်ငံတကာအဆင့်မြို့တော်"

ရွှေကုက္ကိုလ်ဒေသခံပြည်သူများသည် ထိုစီမံကိန်း၏သဘောသဘာဝနှင့်ပတ်သက်၍ ရှင်းရှင်းလင်းလင်းမသိရှိ ခဲ့ရပေ။ သို့သော် ၂၀၁၉ ခုနှစ် နှစ်ဆန်းပိုင်းတွင် တရုတ်ရင်းနှီးမြှုပ်နှံသူတို့က "မြန်မာရာထိုက်ရွှေကုက္ကိုလ် အထူးစီးပွားရေးဇုန် ယာယီစည်းမျဉ်းဥပဒေများ" ကိုထည့်သွင်းဖော်ပြထားသည့် လက်ကမ်းစာစောင် တစ်စောင် (တရုတ်ဘာသာနှင့်အင်္ဂလိပ်ဘာသာဖြင့်) စတင်ထုတ်ဝေခဲ့သည်။ ထိုလက်ကမ်းစာစောင်တွင် မြေနေရာ ၁၈၀၀၀၀ "မူ" (၂၉,၆၂၁ ဧက သို့မဟုတ် ၁၁၇ စတုရန်း ကီလိုမီတာ) ကိုလွှမ်းခြုံပြီး အမေရိကန် ဒေါ်လာ ၁၅ ဘီလီယံကျော်ကုန်ကျမည့် အဆိုပါစီမံကိန်း၏ကြီးမားကျယ်ပြန့်မှုအတိုင်းအတာပမာဏကို တွေ့မြင်ခဲ့ရသည်။ မြေနေရာ ၁၃၀၀ "မူ" (၂၁၄ ဧက) လွှမ်းခြုံပါဝင်မည့် စီမံကိန်းပထမအဆင့်ကို အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ပြီး အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကျော် ရင်းနှီးမြှုပ်နှံခဲ့ပြီးဖြစ်ကြောင်း ထိုလက်ကမ်းစာစောင်တွင်ထုတ်ပြန်တင်ပြထားသည်။



水沟谷经济特区暂行规定
PROVISIONAL REGULATION

THE PROVISIONAL RULES OF THE MYANMAR YA TAI SWE KOKE KO SPECIAL ECONOMIC ZONE

**Chapter I General Provisions**

1 These provisions are formulated in accordance with the relevant laws and regulations of Myanmar and Karen state in order to promote the social and economic development of the Swe Koke Ko.

2 The establishment of special economic zone in the Swe Koke Ko is officially approved by the government of the Karen state of Myanmar.

(2)With the introduction of capital, technology, equipment and advanced management experience, to gradually improve the public utilities in the special economic zone, form a good investment environment and the living environment, encourage the establishment of wholly foreign-owned, joint ventures, cooperative enterprises, private enterprises and individual investment enterprises, to develop the tertiary industry, the key introduction of tourism industry, service industry and local resource development

*YIHG စီမံကိန်း အသေးစိတ်ပုံစံ*

စီမံကိန်းကို "သိပ္ပံနှင့်နည်းပညာ၊ လောင်းကစားနှင့်ဖျော်ဖြေရေး၊ ခရီးသွားလာရေး၊ ယဉ်ကျေးမှုနှင့်စိုက်ပျိုးရေး" တို့ ပေါင်းစပ်စုစည်းထားသည့် နည်းပညာမြင့် "နိုင်ငံတကာအဆင့်မြို့တော်" တစ်ခုအဖြစ် ဖော်ပြခဲ့၏။ ၅ နှစ် မှ ၁၀ နှစ်တာကာလအတွင်း အဆိုပါမြို့တော်၏ နည်းပညာနှင့် စက်မှုလုပ်ငန်းနယ်မြေက မြန်မာနိုင်ငံ တွင်း "နည်းပညာလုပ်ငန်းကဏ္ဍအတွက် ဗဟိုအချက်အချာနေရာဌာန" ဖြစ်လာမည်ဟု ဂုဏ်တင်ရေးသား ဖော်ပြထားသည်။

နိုင်ငံတကာအဆင့် ခရီးသွားဆွဲဆောင်ရေးလုပ်ငန်းများအဖြစ် "ဧက ၂၀၀၀၀ ကျော် ကျယ်ဝန်းသော ရောမ ဆာဖာရီကမ္ဘာတစ်ခု ၊ နိုင်ငံတကာအဆင့်ကျန်းမာရေးဌာန၊ စက္ကူပန်းမျိုးစုံဥယျာဉ်ကြီး (Bougainvillea Base)၊ နိုင်ငံတကာ ရုပ်သံရိုက်ကူးရေးဗဟိုဌာန၊ နိုင်ငံတကာအဆင့် စစ်လက်နက်ပစ္စည်းကိုင်တွယ်အသုံးပြုမှု လေ့ကျင့်သင်ကြားရေးဌာန၊ တိုင်းရင်းရိုးရာပစ္စည်းကုန်တိုက်၊ ရေပူစမ်းအပန်းဖြေဟိုတယ်၊ ကာစီနိုလောင်း ကစားရုံနှင့် အွန်လိုင်းဖျော်ဖြေရေးလုပ်ငန်း" အစရှိသည်တို့ကို ဖော်ဆောင်သွားရန် စီစဉ်ထားသည်။

စီမံကိန်းမှ တရုတ်ရင်းနှီးမြှုပ်နှံသူများအပေါ် လုံးဝပစ်မှတ်ထားကာ "ဟောင်ကောင် မာကာအို၊ ထိုင်ဝမ်၊ နိုင်ငံတကာရှိတရုတ်လူမျိုးနှင့် တရုတ်ကုမ္ပဏီများ၊ စွန့်ဦးတီထွင်လုပ်ငန်းများ" အား အထူးစီးပွားရေးဇုံသို့ ဆွဲဆောင်နိုင်ရန် ရည်ရွယ်ချက်တွင် ဖော်ပြထားသည်။

တပြိုင်တည်းမှာပင် ရာထိုက် Yatai IHG သည် ရွှေကုက္ကိုလ်စီမံကိန်းကို ၎င်း၏ဝက်ဘ်ဆိုက်ပေါ်တွင် မြှင့်တင် ကြော်ငြာနေခဲ့၏။[5] စီမံကိန်းလုပ်ငန်းပြမြေပုံများနှင့်အတူ ခမ်းနားကြီးကျယ်သောမြို့တော်ရှုခင်းများနှင့် အဆောက်အဦးများကို ထင်ဟပ်ပုံဖော်ဖန်တီးထားသည့် အနုပညာရှင်များ၏လက်ရာများကို ပြသထားခဲ့ သည်။ ထိုစီမံကိန်းသည် တရုတ်အစိုးရ၏ ခါးပတ်လမ်းစီမံကိန်း (BRI) တွင် အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင် သည်ဟူ၍လည်း တင်ပြထားသည်။



Yatai IHG

*ရွှေကုက္ကိုလ်တွင် တည်ဆောက်မည့် အဆောက်အဦး နှင့် စီမံကိန်းမြေပုံ*

## လူထုစောင့်ကြည့်ဝေဖန်မှုများ ပိုမိုမြင့်တက်လာခြင်း

အတိုင်းအတာပမာဏကြီးမားလွန်းသောဆောက်လုပ်ရေးလုပ်ငန်း၊ တရုတ်လူမျိုးများ အလုံးအရင်းနှင့် ပိုမို ဝင်ရောက်လာခဲ့ခြင်းနှင့် ဥပဒေချိုးဖောက်သည်ဟူ၍ သံသယဖြစ်ဖွယ် လုပ်ကိုင်ဆောင်ရွက်မှုများတို့ကြောင့် ဗမာလူမျိုးများနှင့် သတင်းမီဒီယာများက ထိုစီမံကိန်းကို စတင်သတိပြုအာရုံစိုက်လာခဲ့၏။[6] ၂၀၁၉ ခုနှစ် နှစ်လယ်ပိုင်းသို့ရောက်ချိန်၌ အသစ်ဆောက်လုပ်ပြီးစီးခဲ့သောအဆိုပါနယ်မြေတွင် စီးပွားရေးလုပ်ငန်းများ (အွန်လိုင်းကာစီနိုလောင်းကစားလုပ်ငန်း အပါအဝင်) စတင်လုပ်ကိုင်ဆောင်ရွက်နေခဲ့ပြီဖြစ်ရာ ထိုနယ်မြေ ဒေသက ငွေကြေးခဝါချရေး ဗဟိုဌာနတစ်ခုဖြစ်လာနိုင်သည် ဟူသောစိုးရိမ်ပူပန်မှုများ ပိုမိုမြင့်တက်လာခဲ့သည်။ ၂၀၁၉ ခုနှစ် မေလတွင် ဗမာပြည်၏လောင်းကစားဥပဒေသစ်အရ နိုင်ငံခြားသားများအား ဝန်ဆောင်မှုပေးသည့် ကာစီနိုလောင်းကစားရုံများကို ဖွင့်လှစ်လုပ်ကိုင်ခွင့်ပြုခဲ့သည်။ သို့သော် အွန်လိုင်းကာစီနိုလောင်းကစားလုပ်ငန်းအတွက် သီးခြားတိကျသောပြဌာန်းချက်များ မပါရှိပေ။

ကာစီနိုလောင်းကစားလုပ်ငန်း၏ လူမှုဘဝဆိုင်ရာရိုက်ခတ်မှုများနှင့်ပတ်သက်၍ ဒေသခံများကြား စိုးရိမ်ပူပန်မှုများ မြင့်တက်နေခဲ့၏။ အမျိုးသမီးများအား လိင်လုပ်ငန်းအတွင်းသို့ဝင်ရောက်ရန် သွေးဆောင်မှု (သို့) အတင်းအကျပ်ဖိအားပေးမှု သို့မဟုတ် တရုတ်အမျိုးသားများနှင့် အပေးအယူသဘော လက်ထပ်ထိမ်းမြားမှု တို့ဖြစ်လာနိုင်သည့်အပေါ် စိုးရိမ်ပူပန်မှုများ ကြီးကြီးမားမားဖြစ်တည်နေခဲ့ပေသည်။

ထိုစီမံကိန်းတွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ရင်းနှီးမြှုပ်နှံသူများ (အထူး သဖြင့် ဟော်ရှောက်ချန်း ဟုအမည်ရသော ဩဇာကြီးမားသည့်စီးပွားရေးသမားတစ်ဦး) ပါဝင်နေသည် ဟူသောသတင်းကလည်း ထွက်ပေါ်လာခဲ့၏။ ရွှေကုက္ကိုလ်ကဲ့သို့ပင် ဗမာ့တပ်မတော်-BGF ထိန်းချုပ်မှုအောက်တွင်ရှိသော ကိုးကန့်ဒေသသည် တရုတ်ဈေးကွက်ကိုဖြည့်ဆည်းဝန်ဆောင်မှုပေးနေသည့် ကာစီနို လောင်းကစားလုပ်ငန်းကြောင့် လူသိများထင်ရှားသည်။

ရာထိုက်မြန်မာကုမ္ပဏီအနေနှင့် ၂၀၁၈ ခုနှစ် ဇူလိုင်လ ၃၀ ရက်နေ့က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် (MIC) နှင့် လက်မှတ်ရေးထိုးခဲ့သည့်တရားဝင်သဘောတူညီချက်တစ်ရပ် (မြေနေရာ (၆၂ ဧက အနက်) ၂၅.၅ ဧက ပေါ်တွင် ဇိမ်ခံအဆင့်မြင့်အိမ်ရာ ၅၉ လုံးကို ကုန်ကျစရိတ် အမေရိကန် ဒေါ်လာ ၂၂.၅ သန်းဖြင့် ၂၀၂၁ ခုနှစ် တွင် အပြီးသတ်တည်ဆောက်သွားရန်ဟူသော သဘောတူညီချက် ) သာ ရယူခဲ့သည်ဟု ထင်မြင်ယူဆရသော်လည်း သဘောတူညီချက်ပါအတိုင်းအတာပမာဏထက် များစွာပိုမိုကျော်လွန်သည့် ဆောက်လုပ်ရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။[7] သို့ဖြစ်ရာ ထိုစီမံကိန်းအတွက် တရားဝင်ပေးအပ်ထားသည့် လုပ်ငန်းလုပ်ကိုင်ခွင့်အတိုင်းအတာပမာဏနှင့်ပတ်သက်၍ မေးခွန်းများစွာထွက်ပေါ်လာခဲ့သည်။

THE REPUBLIC OF THE UNION OF MYANMAR

The Myanmar Investment Commission

**PERMIT**

**Permit No.** 099 / 2018 Date 30th July 2018

**This Permit is issued by the Myanmar Investment Commission according to the section 25, sub-section (c) of the Myanmar Investment Law:-**

(1) **Name of Investor** MR. TANG KRIANG KAI

(2) **Citizenship** CAMBODIAN

(3) **Residence Address** KOUK CHANBAK, CHAOM CHAU, POSENCHEY, PHNOM PENH, CAMBODIA

(4) **Name and Address of Principle Organization** -

(5) **Place of Incorporation** -

(6) **Type of Business** CONSTRUCTION, OPERATION AND LEASING OF HIGH-END VILLAS

(7) **Place(s) at which Investment is permitted** KWIN NO. OSS 69D, SHWE KOE KO MYAING APYIN KWIN, HOLDING NO. 2, PU LAWE PU VILLAGE TRACT, MYAWADDY TOWNSHIP, KAYIN STATE, 25.5 ACRES OUT OF 62 ACRES

(8) **Amount of Foreign Capital** US$ 18.00 MILLION

(9) **Period for Foreign Capital to be brought in** WITHIN 3 YEARS FROM THE DATE OF ISSUANCE OF MIC PERMIT

(10) **Total amount of capital (Kyat)** EQUIVALENT IN KYAT OF US$ 22.50 MILLION (INCLUDING US$ 18.00 MILLION)

(11) **Construction Period** 36 MONTHS

(12) **Validity of investment permit** 30 YEARS

(13) **Form of investment** JOINT VENTURE

(14) **Name of Company incorporated in Myanmar** MYANMAR YATAI INTERNATIONAL HOLDING GROUP COMPANY LIMITED

**Chairman**
**Myanmar Investment Commission**

*Yatai IHG*

*ရွှေကုက္ကိုလ်စီမံကိန်း တရားဝင်ခွင့်ပြုစာ*

## တရားဝင်စစ်ဆေးမှုများမှ စီမံကိန်းရပ်ဆိုင်းရန်အမိန့်ညွှန်ကြားချက် ထွက်ပေါ်လာခြင်း

မြင့်တက်လာသော အများပြည်သူကြားမှုစိုးရိမ်ပူပန်မှုများကို တုံ့ပြန်ဆောင်ရွက်သည့်အနေနှင့် ကရင် ပြည်နယ်အစိုးရက ၂၀၁၉ ခုနှစ် မေလ တွင် ရွှေကုက္ကိုလ်စီမံကိန်းအား စတင်စုံစမ်းစစ်ဆေးခဲ့သည်။ ၂၀၁၉ ခုနှစ် ဇွန်လ ၂၁ ရက်နေ့တွင် ကရင်ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ဝန်ကြီးက စီမံကိန်းအား သွားရောက်လေ့လာစစ်ဆေးခဲ့သည်ကို ဗမာအစိုးရ၏ ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန ဝက်ဘ်ဆိုက်စာမျက်နှာပေါ်တွင်အစီရင်ခံတင်ပြခဲ့သည်။[8]

စုံစမ်းစစ်ဆေးမှုများအရ MIC စည်းမျဉ်းဥပဒေများကို ချိုးဖောက်ခဲ့ကြောင်း တွေ့မြင်ခဲ့ရသည်ဟု ထင်မြင် ယူဆရ၏။ ၂၀၁၉ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့တွင် ကရင်နယ်ခြားစောင့်တပ်ကိုးနှစ်ပြည့်အထိမ်းအမှတ် အခမ်းအနားတစ်ခု၌ စောချစ်သူက ထိုစီမံကိန်းတွင် မမှန်မကန်ဆောင်ရွက်မှုများလေ့လာတွေ့မြင်ခဲ့ရသဖြင့် စီမံကိန်းကိုယာယီရပ်ဆိုင်းထားကြောင်း ကြေညာခဲ့သည်။ အဆိုပါအခမ်းအနားကိုတက်ရောက်ခဲ့သည့် ကရင်ပြည်နယ်ဝန်ကြီးချုပ်ကလည်း စစ်ဆေးလေ့လာတွေ့ရှိချက်များကို နေပြည်တော်သမ္မတရုံးနှင့် ပြည်ထောင်စုအစိုးရထံ တင်ပြထားခဲ့ပြီးဖြစ်ကြောင်း သတင်းထောက်များအား ပြောကြားခဲ့သည်။[9]

စီမံကိန်းယာယီရပ်ဆိုင်းကြောင်း ကြေညာခဲ့သော်လည်း ဆောက်လုပ်ရေးလုပ်ငန်းများကို အပြည့်အဝ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နေခဲ့ပြီး ထောင်ပေါင်းများစွာသောတရုတ်ဝန်ထမ်းများလည်း လုပ်ငန်းခွင်အတွင်း၌ ရှိနေဆဲဖြစ်သည်ဟု ဒေသခံများက ပြောဆိုတင်ပြခဲ့ကြ၏။

## မြဝတီဒေသခံများ ဆန့်ကျင်ရပ်တည်လာခဲ့ခြင်း

မြောက်မြားလှစွာသောတရုတ်အလုပ်သမားများက ရွှေကုက္ကိုလ်အပြင် မြဝတီမြို့သို့လည်းရောက်ရှိလာခဲ့သည်။ မြဝတီမြို့တွင်းနှင့် အနီးတဝိုက်ရှိဆောက်လုပ်ရေး၊ သတ္တုတူးဖော်ရေး၊ ဟိုတယ်၊ စားသောက်ဆိုင်နှင့် ဖျော်ဖြေရေးလုပ်ငန်းများတွင် တရုတ်အလုပ်သမား ၁၀၀၀၀ ခန့် အလုပ်လုပ်ကိုင်နေသည်ဟု ခန့်မှန်းရ၏။ ရွှေကုက္ကိုလ်စီမံကိန်းရပ်ဆိုင်းကြောင်းကြေညာချက်က ထိုတရုတ်အလုပ်သမားအရေအတွက်အပေါ် သိသာထင်ရှားသောအကျိုးသက်ရောက်မှုတစ်စုံတစ်ရာ မရှိခဲ့သော်လည်း မြဝတီဒေသခံများအတွက် တရားဥပဒေ စိုးမိုးမှုကင်းမဲ့သောဖြစ်ရပ်များ မြင့်တက်လာခြင်းနှင့် ပတ်သက်၍ ၎င်းတို့၏စိုးရိမ်ပူပန်မှုများကို လူသိရှင်ကြားရေးသားထုတ်ဖော်ပြောဆိုဝံ့အောင် တွန်းအားပေးခဲ့သည့်အကြောင်းအချက်တစ်ရပ် ဖြစ်လာခဲ့သည်။

၂၀၁၉ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့တွင် မြဝတီမြို့ခံတစ်ဦးက ၎င်း၏ဖေ့စ်ဘုတ်စာမျက်နှာတွင် အောက်ပါ သတင်းစကားကို ရေးသားတင်ပြခဲ့သည်။ "တရုတ်တွေက တရုတ်ဘာသာစကားနဲ့ဆိုင်းဘုတ်တင်ထားတဲ့ ဈေးဆိုင်တွေ၊ စားသောက်ဆိုင်တွေနဲ့ ဧည့်ရိပ်သာတွေဖွင့်ပြီး တရုတ်ခရီးသွားတွေကို ငှားရမ်းရောင်းချနေခဲ့တယ်။ မြန်မာနိုင်ငံဥပဒေအရ နိုင်ငံခြားသားတွေအနေနဲ့ အိမ်ငှားစားခွင့်မရှိသလို၊ ငှားရမ်းထားတဲ့အိမ်မှာ လည်း နေထိုင်ခွင့်မရှိပါဘူး . . သူတို့အနေနဲ့ ဟိုတယ်မှာပဲ တည်းခိုနေထိုင်ရမှာလေ။ သူတို့က လိုင်စင်မဲ့ကား တွေဝယ်ပြီး မြို့ထဲမှာလည်းမောင်းနေတာပဲ။ ကားတိုက်မှုဖြစ်မှာကို လုံးဝဂရုမစိုက်ဘူး . . သူတို့ကို အရေး ယူတာမျိုးလည်း မရှိဘူးလေ။ သူတို့စိတ်ကြိုက် လုပ်ချင်ရာလုပ်နေတာဗျ။ ဒေသအာဏာပိုင်တွေအနေနဲ့ ဒီကိစ္စနဲ့ပတ်သက်ပြီး တစ်ခုခုလုပ်ပေးသင့်တယ်။ လွန်ခဲ့တဲ့ရက်အနည်းငယ်ကဆို တရုတ်တစ်ချို့ အချင်းချင်း ခိုက်ရန်ဖြစ်ပွားတာမှာ သူတို့ထဲကတစ်ယောက် ဓားထိုးခံရပြီး မြဝတီအထွေထွေဆေးရုံကို တင်လိုက်ရတယ်။ ဒါနဲ့ ကျွန်တော်အပါအဝင် သက်ဆိုင်ရာအာဏာပိုင်တွေအားလုံး (ရဲတပ်ဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးအာဏာ ပိုင်အဖွဲ့ စသည်) က ဖြစ်ပွားခဲ့တဲ့အခြေအနေကို သွားရောက်စုံစမ်းခဲ့တယ်။ ကျွန်တော်တို့ရောက်သွားတော့ သူတို့က ဒီကိစ္စဟာ ကျွန်တော်တို့နဲ့ဘာမှမဆိုင်ဘူးလို့ ပြောခဲ့တယ်" ဟူ၏။

၂၀၁၉ ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့၌ မြို့တွင်းဖုန်းဆိုင်တစ်ခုရှေ့တွင် အပေါ့သွားခဲ့သော တရုတ် ခုနစ်ဦး နှင့်မြဝတီမြို့ခံအချို့ကြား ရုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့၏။ မြို့ခံများက ထိုတရုတ်လူမျိုးခုနစ်ဦး အနက် ငါးဦးကို တရားစွဲဆိုခဲ့သည်။[10]



*တရုတ်ရွှေ့ပြောင်းလုပ်သားများအလုံးအရင်းဝင်ရောက်လာမှုအပေါ် မြဝတီဒေသခံများ၏စိုးရိမ်မှုများအား ဆွေးနွေးခြင်း*

၂၀၁၉ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့ တွင် မြဝတီမြို့ခံပြည်သူ ၁၀၀ ကျော်က အစည်းအဝေးတစ်ရပ် ကျင်းပပြီး အဆိုပါပြဿနာများအား မည်သို့ကိုင်တွယ်ဖြေရှင်းနိုင်မည် ဟူသောအကြောင်းနှင့် ပတ်သက်၍ ပြောဆိုဆွေးနွေးခဲ့ကြသည်။ ရဲတပ်ဖွဲ့နှင့် ဒေသအာဏာပိုင် အဖွဲ့အစည်းများအနေဖြင့် BGF နှင့် ပတ်သက်သည့် ကိစ္စရပ်များအတွက် အာဏာမရှိကြောင်း ဤသို့ပြောဆိုတင်ပြခဲ့သည်။ "တရုတ်တွေရဲ့ ဥပဒေနဲ့မညီတဲ့လုပ်ရပ် တွေနဲ့ပတ်သက်လို့ ရဲတပ်ဖွဲ့ကိုသွားရောက်အကြောင်းကြားတော့ ရဲတွေက ခင်ဗျားတို့က ကျွန်တော်တို့ကို အကာအကွယ်ပေးနိုင်လားလို့ မေးတယ်။ မြို့မှာရှိတဲ့ရဲတပ်ဖွဲ့ဝင်အင်အား အကုန်ပေါင်းလိုက်ရင်တောင် သူတို့ (BGF) က အင်အားပိုများတယ်။ ဒါ့ကြောင့်လည်း သူတို့အနေနဲ့ ဘာမှလုပ်မပေးနိုင်ဘူး ပေါ့ဗျာ . . ရပ်ကွက် အုပ်ချုပ်ရေးအာဏာပိုင်တွေကို အကူအညီတောင်းတော့လည်း သူတို့က အဲ့ဒီကိစ္စရပ်တွေနဲ့ပတ်သက်လို့ အထက်ကိုတင်ပြထားပြီးပြီလို့ပြောတယ်။ ရဲတပ်ဖွဲ့က မဖမ်းရဲဘူးဆိုတော့ သူတို့အနေနဲ့ လုပ်နိုင်တာ ဘာမှမရှိဘူးလို့ ပြောတယ်ဗျ။ မြို့နယ်အုပ်ချုပ်ရေးအာဏာပိုင် အဖွဲ့တွေကလည်း ဒီလိုပဲပြောတယ်။ တကယ် တမ်းတော့ BGF က အဓိကအကျဆုံးပဲ။ သူတို့ကို တပ်မတော်ရဲ့အမိန့်ညွှန်ကြားချက်အောက်မှာ ထည့်သွင်း ဖွဲ့စည်းထားတာ . . တိုင်းပြည်နဲ့ပြည်သူလူထုကို ကာကွယ်ဖို့ တာဝန်ရှိတဲ့လူတွေဗျ။ သူတို့က ကျွန်တော်တို့နဲ့အတူ လက်တွဲဆောင်ရွက်နိုင်မှပဲ ဒီပြဿနာကိုဖြေရှင်းနိုင်မှာ။ BGF ဟာ နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့ ထိန်းချုပ်မှုအောက်ကဆိုတော့ . . ဝန်ကြီးဌာနအနေနဲ့ပဲ ဒီကိစ္စနဲ့ပတ်သက်လို့ အရေးယူကိုင်တွယ်ဆောင်ရွက်သင့်တယ်။ ရဲတပ်ဖွဲ့ရော၊ လဝက အာဏာပိုင်တွေရော ဘာမှကိုမလုပ်ရဲဘူးလေ။[11]

## 3. ဗမာ့တပ်မတော်ထိပ်တန်းခေါင်းဆောင်ပိုင်းမှကျောထောက်နောက်ခံပြုထားသည့်စီမံကိန်း

ပြည်တွင်းနှင့်နိုင်ငံတကာသတင်းမီဒီယာများ၏ အစီရင်ခံတင်ပြချက်များတွင် ရွှေကုက္ကိုလ်တရုတ်မြို့တော် စီမံကိန်း (နှင့်စည်းကျော်ဘောင်ကျော်ဖော်ဆောင်နေသောစီမံကိန်းလုပ်ငန်းများ) အတွက် တရုတ်ရင်းနှီး မြှုပ်နှံသူများ ("ဘေဂျင်းအစိုးရနှင့်တရားဝင်ပတ်သက်ဆက်နွယ်မှုများရှိနိုင်သည့်"[12]) နှင့် BGF တို့ကို အဓိက တာဝန်ရှိသူများအဖြစ် အပြစ်ပုံချခဲ့ကြသည်။ "ဗဟိုကြီးကြပ်ကွပ်ကဲမှုမှကင်းလွတ်သော နယ်မြေဒေသတွင်းမှ ကရင်လူမျိုးစစ်ဘုရင် စောချစ်သူ" သည် ထိုစီမံကိန်းကို နေပြည်တော်အာဏာပိုင်များ၏မျက်ကွယ်၌ စိတ်ကြိုက်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်ဟု သုံးသပ်တင်ပြခဲ့ကြသည်။[13]

စီမံကိန်းနှင့်၎င်းတို့ကြား ပတ်သက်ဆက်နွယ်မှုမရှိကြောင်းနှင့် မမှန်မကန်လုပ်ငန်းဖော်ဆောင်များအတွက် BGF ထံတွင်တာဝန်ရှိကြောင်း ဒေသတာဝန်ခံဗမာ့တပ်မတော်အရာရှိ၏ တရားဝင်ထုတ်ပြန်ပြောကြားချက်က အဆိုပါထင်မြင်ယူဆချက်မှာ ပိုမိုခိုင်မာစေခဲ့သည်။


၂၀၁၉ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့က ကျင်းပခဲ့သည့် BGF ၏ နှစ်ပတ်လည်အခမ်းအနားတွင် ဗမာ့ တပ်မတော်အရာရှိ ဗိုလ်မှူးကြီးမျိုးထွန်း (ကရင် BGF တပ်ရင်းမှူး) က BGF အနေနှင့် (တရုတ်မြို့တော် စီမံကိန်းနှင့်ပတ်သက်၍) ဥပဒေနှင့်အညီ လိုက်နာကျင့်ကြံဆောင်ရွက်သင့် ကြောင်း၊ သို့မဟုတ်ပါက BGF နှင့် တပ်မတော်၏ဂုဏ်သိက္ခာကို ထိခိုက်လာနိုင်ကြောင်း သတိပေးပြောကြားခဲ့သည်။[14]

ဗမာ့တပ်မတော်က စောချစ်သူအနေနှင့် စီးပွားရေးလုပ်ငန်းများဆက်လက်လုပ်ကိုင်လို လျှင် စစ်ဘက်ရာထူး မှနုတ်ထွက်ရန် ညွှန်ကြားခဲ့သည်ဟူသော ချစ်လင်းမြိုင်ကုမ္ပဏီဒါရိုက်တာ စောမင်းမင်းဦး၏ ပြောကြားချက် ကိုလည်း ကိုးကားရေးသားတင်ပြခဲ့ကြသည်။[15]

သို့သော် တရုတ်မြို့တော်စီမံကိန်းမှာ ဗမာ့တပ်မတော်ထိပ်တန်းခေါင်းဆောင်ပိုင်း မှ ကျောထောက်နောက်ခံပြုထားသည့်စီမံကိန်းဖြစ်ကြောင်း သက်သေခံဖော်ပြနေသည့် အကြောင်းအချက်များစွာ ရှိနေခဲ့သည်။ တရုတ်ရင်းနှီးမြှုပ်နှံသူတို့က "တရားဝင်" ခွင့်ပြုမိန့်ပါ သတ်မှတ်ချက်များထက် များစွာပိုမိုကြီးမားကျယ်ပြန့်သည့် ဆောက်လုပ်ရေးလုပ်ငန်းများကို စိုးရွံ့မှုအလျဉ်းမရှိပဲ ချဲ့ထွင်ဖော်ဆောင်နေခဲ့ခြင်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ တရားဝင်စည်းမျဉ်း ဥပဒေများကို ၎င်းတို့ကိုယ်တိုင် စိတ်ကြိုက်ချမှတ်ထုတ်ဝေခဲ့ခြင်းနှင့် (အရေးအကြီးဆုံး အချက်မှာ) BGF က ဗမာ့တပ်မတော်၏ အပြည့်အဝထိန်းချုပ်မှုအောက်ရှိ အဖွဲ့အစည်းတစ်ခုဖြစ်ခြင်းအစ ရှိသော အကြောင်းအချက်များကို ဆိုလိုပေသည်။ ဗမာ့တပ်မတော်ထိပ်တန်းခေါင်းဆောင် ပိုင်း၏ အတည်ပြုခွင့်ပြုချက်မပါပဲ အဆိုပါစီမံကိန်းကို ထိုမျှအဆင့်ထိရောက်အောင် ဆက် လက်ဖော်ဆောင်နိုင်ခဲ့သည်မှာ လုံးဝမဖြစ်နိုင်သောကိစ္စရပ်သာဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်၏။

## ပင်မစီမံချက်နှင့်အညီ ဖော်ဆောင် လျက်ရှိသော အဆင့်မြင့် ဆောက်လုပ်ရေးလုပ်ငန်း

၂၀၁၉ ခုနှစ် ဧပြီလအတွင်းကရိုက်ကူးခဲ့ သော ဂူဂယ်လ်ဂြိုလ်တုဓာတ်ပုံများကိုကြည့် လျှင် ရွှေကုက္ကိုလ်ရှိ ဆောက်လုပ်ရေးလုပ်ငန်း များမှာ MIC သဘောတူညီချက်စာချုပ် (၂၀၁၈ ခုနှစ် ဇူလိုင် လ) အရ ခွင့်ပြုခဲ့သည့် မြေနေရာ ၂၂.၅ ဧက ထက် များစွာကျော်လွန်နေသည့်အပြင် မဟာမြို့တော်သစ်တည်ဆောက်ရေး ပင်မ စီမံချက် (Master Plan) နှင့်အညီ အကောင် အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း တွေ့မြင်နိုင်သည်။




*ရွှေကုက္ကိုလ်ရှိ ဆောက်လုပ်ရေးဆက်လက် အကောင်အထည်ဖော်နေမှု*

အဆင့်မြင့်ဇိမ်ခံအိမ်ရာတည်ဆောက်ရေးလုပ်ငန်းခွင်၏ တောင်ဘက်တွင် ဆောက်လုပ်ငန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ရွှေကုက္ကိုလ်ကျေးရွာ၏အရှေ့ဘက်စွန်း၊ သောင်ရင်းမြစ် တလျှောက်ရှိ ဧက ၁၀၀ ကျော်သော နယ်မြေတွင် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်၏။



၂၀၁၆ - ဖေဖော်ဝါရီလ ၂၀, ရွှေကုက္ကိုလ် ဂူဂယ်(လ်)မြေပုံ




၂၀၁၉ - နိုဝင်ဘာလ ၂၄, ရွှေကုက္ကိုလ် ဂူဂယ်(လ်)မြေပုံ




Yatai IHG

*စီမံကိန်း အသေးစိတ်ပုံစံအတိုင်း အကောင်အထည်ဖော်ဆောင်နေသော တည်ဆောက်ရေးလုပ်ငန်း*

ဆောက်လုပ်ဆဲကြီးမားသောအဆောက်အဦးများက ရာထိုက် IHG မှ စီစဉ်ရေးဆွဲထားသော မြို့တော်သစ် အခင်းအကျင်းပုံစံ (layout) နှင့် ကိုက်ညီမှုရှိသည့်အပြင် ရောမ ဟိုတယ်-ကာစီနိုတစ်ခု ဟု ယူဆရသော အဆောက်အဦးလည်း ပါဝင်နေခဲ့သည်။

ရာထိုက် IHG မှ မောင်းသူမဲ့ယာဉ် (ဒရုန်း) ဖြင့် ရိုက်ကူးခဲ့သော မှတ်တမ်းရုပ်ရှင်များ (၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် မဲဆောက်မြို့ရှိ ထိုင်းစက်မှုလုပ်ငန်းများအဖွဲ့ချုပ်ရုံး (the Office of Federation of Thai industries) သို့ပေးအပ်တင်ပြခဲ့၏) အရ စီမံကိန်းရပ်ဆိုင်းကြောင်း ၂၀၁၉ ခုနှစ် ဩဂုတ်လတွင် ကြေညာခဲ့သည့်အချိန်မှစပြီး ဆောက်လုပ်ရေးလုပ်ငန်းများအား ထိုနယ်မြေဒေသအတွက် ချိုင့်ရေးဆွဲထားသည့် ပင်မစီမံချက် (Master Plan) နှင့်အညီ အကြီးအကျယ် ရှေ့ဆက်ဖော်ဆောင်ခဲ့သည်ကို သိမြင်နိုင်မည် ဖြစ်သည်။

## အလွန် "ထူးခြားသော" အထူးစီးပွားရေးဇုန်

ရွှေကုက္ကိုလ်အထူးစီးပွားရေးဇုန် အတွက် မြန်မာရာထိုက်ကုမ္ပဏီမှ ချမှတ်ထုတ်ပြန်ခဲ့သော "ယာယီစည်းမျဉ်း ဥပဒေများ (provisional rules)" က အလွန်တရာအသေးစိတ်ကျသည့်အပြင် အထူးစီးပွားရေးဇုန်ကလည်း အသက်ဝင်လည်ပတ်နေခဲ့ပြီးဖြစ်သည်ဟု ထင်မြင်ယူဆရ၏ (ထိုဇုန်အတွင်း၌ ကုမ္ပဏီများက စီးပွားရေး လုပ်ငန်းများတည်ထောင်လုပ်ကိုင်နေခဲ့ပြီးဖြစ်သည်)။ သို့သော် ဗမာအစိုးရသတင်းမီဒီယာများတွင် ထိုနယ်မြေကို အထူးစီးပွားရေးဇုန်တစ်ခုအဖြစ် တရားဝင်ရည်ညွှန်းဖော်ပြခဲ့ခြင်းမျိုး လုံးဝမရှိပေ။ ထိုစည်းမျဉ်းဥပဒေများကလည်း လက်ရှိ အထူးစီးပွားရေးဇုန်ဥပဒေ (၂၀၁၄ ခုနှစ်) ပါ ပြဌာန်းချက်များနှင့် ဆန့်ကျင်ကွဲလွဲနေသည်။

လက်ရှိအချိန်အထိ ဗမာပြည်တွင် တရားဝင်အသိအမှတ်ပြုထားသော အထူးစီးပွားရေးဇုန် သုံးခုရှိပြီး သီလဝါ၊ ထားဝယ်နှင့် ကျောက်ဖြူမြို့တို့တွင် တည်ရှိသည်။ ထိုဇုန်သုံးခုတွင် အသီးသီးရင်းနှီးမြှုပ်နှံမှုပြုခဲ့သည့် ဂျပန်၊ ထိုင်းနှင့် တရုတ် ရင်းနှီးမြှုပ်နှံမှုများကိုလည်း အများပြည်သူသိရှိအောင် တရားဝင်ထုတ်ပြန်ဖော်ပြခဲ့သည်။

ဗမာပြည် အထူးစီးပွားရေးဇုန်ဥပဒေအရ စီမံကိန်းဖော်ဆောင်သူများကို နှစ် ၅၀ ကြာ မြေအသုံးပြုရန် ခွင့်ပြုမိန့်ထုတ်ပေးပြီး နောက်ထပ် ၂၅ နှစ်တာ အသုံးပြုခွင့်အတွက် သက်တမ်းတိုးနိုင်သည်။ သို့သော် ရွှေကုက္ကိုလ် စီမံကိန်းအတွက် မြေငှားစာချုပ်က နှစ် ၇၀ အတွက်ဖြစ်ပြီး ၉၉ နှစ်ထိအောင် စာချုပ်သက်တမ်းတိုးနိုင်သည်ဟု အစီရင်ခံတင်ပြခဲ့ကြ၏။[16]


ဥပဒေအရ အထူးစီးပွားရေးဇုန်တစ်ခုဖော်ဆောင်ရန်အတွက် နေပြည်တော်အစိုးရက သက်ဆိုင်ရာ အစိုးရဌာနများပါဝင်သော ဗဟိုအဆင့်အဖွဲ့ (Central Body) တစ်ဖွဲ့ကို ဖွဲ့စည်းတည်ထောင်ရမည်ဖြစ်ပြီး အဆိုပါဗဟို အဆင့်အဖွဲ့က စီမံခန့်ခွဲရေးအဖွဲ့တစ်ဖွဲ့ကို ထပ်မံဖွဲ့စည်းရမည်ဖြစ်၏။ သို့သော် ရာထိုက် IHG ၏ "ယာယီ SEZ စည်းမျဉ်းဥပဒေများ (Provisional SEZ rules)" တွင် "ရွှေကုက္ကိုလ်နယ်မြေအတွင်း အထူးစီးပွားရေးဇုန် တည်ဆောက်မှုကို ကရင်ပြည်နယ်အစိုးရက တရားဝင်ခွင့်ပြုခဲ့ပြီး" ဖြစ်သည့်အပြင် စီမံကိန်းစီမံခန့်ခွဲရေး ကော်မတီကိုလည်း ကရင်ပြည်နယ်အစိုးရက အတည်ပြုခွင့်ပြုခဲ့ပြီးဖြစ်သည်ဟူ၍သာ ဖော်ပြထားသည်။

ရာထိုက် IHG ၏ "ယာယီ SEZ စည်းမျဉ်းဥပဒေများ" တွင်ပါရှိသော အသေးစိတ်အချက်အလက် များကလည်း အထူးစီးပွားရေးဇုန်ဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ကွဲလွဲနေသည်။ ဥပမာ ပထမဆယ်နှစ်တာကာလအတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့်ရရှိမည်ဟု ရာထိုက် IHG ဘက်မှ ဆိုထားသော်လည်း အထူးစီးပွား ရေးဇုန်ဥပဒေအရ ဝင်ငွေခွန်ကင်းလွတ်ခွင့်မှာ ပထမရှစ်နှစ်တာကာလအတွက်သာဖြစ်သည်။

SEZ စည်းမျဉ်းဥပဒေများ နှစ်မျိုးနှစ်ဖုံယှဉ်တွဲဖြစ်တည်နေပြီး အသက်ဝင်နေသည် (ရှုရင်းစွဲ ဥပဒေရေးရာ မူဘောင်ကိုကျော်လွန်နေခြင်းဖြစ်၏) ဖြစ်ရာ ထိုသို့လုပ်ဆောင်ပိုင်ခွင့်အာဏာကို မည်သူတို့က တရားဝင် ပေးအပ်ခဲ့သနည်းဟူ၍ မေးခွန်းထုတ်ဖွယ်ဖြစ်နေခဲ့သည်။ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဗမာ့တပ်မတော်မှဦးဆောင်သော နယ်စပ်ရေးရာဝန်ကြီးဌာနအောက်တွင်ရှိပြီး ဝန်ကြီးဌာန၏အဓိကလုပ်ငန်း စဉ်တစ်ခုမှာ "နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးသားဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးဖွံ့ဖြိုးရေးဒေသများ သတ်မှတ်ဆောင်ရွက်ရန်" ဖြစ်သည်ကို ထည့်သွင်းစဉ်းစားသုံးသပ်လျှင် ရွှေကုက္ကိုလ်စီမံကိန်းကို အဆိုပါ ဝန်ကြီးဌာနက တရားဝင်ခွင့်ပြုချက်ပေးခဲ့သည်ဟု မှတ်ထင်ယူဆနိုင်ပေသည်။

## နေပြည်တော်၏တိုက်ရိုက်အမိန့်ညွှန်ကြားချက်များအောက်တွင်

စောချစ်သူ၏နယ်ခြားစောင့်တပ် (BGF) က ဗမာ့တပ်မတော်၏မျက်ကွယ်တွင် ထိုစီမံကိန်းကို အကောင် အထည်ဆောင်ရွက်နေခဲ့ခြင်းဖြစ်သည်ဟူသော ပြောဆိုရေးသားတင်ပြချက်တိုင်းသည် BGF အား တင်းကျပ် သောစည်းမျဉ်းစည်းကမ်းများဖြင့် စနစ်တကျဖွဲ့စည်းထားသော တပ်မတော် အတွင်းသို့ ပေါင်းစပ်ထည့်သွင်းခဲ့ပြီးဖြစ်သည့်အချက်ကို မသိကျိုးကျွံပြုလစ်လျူရှုခြင်းပင်ဖြစ်၏။ ထိုသို့ပေါင်းစပ်ထည့်သွင်းဖွဲ့စည်းခြင်းက တိုင်းရင်းသားလက်နက်ကိုင်အုပ်စု




*တပ်မတော်ဖွဲ့စည်းပုံလက်အောက်ရှိ နယ်ခြားစောင့်တပ်၏ အနေအထား*


များအား အသွင်ပြောင်းရန်နှင့် ထိန်းချုပ်ရန် ဦးတည်ရွည်ရွယ်ပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် ထည့်သွင်းရေးဆွဲထားသော မဟာဗျူဟာတစ်ရပ်ဖြစ်သည်။

BGF သည် နယ်စပ်ရေးရာဝန်ကြီးဌာနအောက်ရှိ ပြည်သူ့စစ်နှင့်နယ်ခြားစောင့်တပ်များ ညွှန်ကြားရေးမှူးရုံးသို့ အစီရင်ခံတင်ပြရန်တာဝန်ရှိသည်။ နယ်စပ်ရေးရာဝန်ကြီးဌာနမှာ ဗမာ့တပ် မတော်ထိန်းချုပ်မှုအောက်ရှိ အစိုးရ ဝန်ကြီးဌာနလေးခုတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ပြည်သူ့ စစ်နှင့်နယ်ခြားစောင့်တပ်များ၏ လက်ရှိညွှန်ကြားရေးမှူးမှာ ဗိုလ်ချုပ်အောင်ပိုင်ဦးဖြစ်သည်။

နေပြည်တော်အထိ အဆင့်ဆင့်တိုက်ရိုက်ကြီးကြပ်ကွပ်ကဲမှုအပြင် စည်းမျဉ်းဥပဒေဖြင့် ထိန်းချုပ်မှုလည်း ရှိသည်။ စည်းမျဉ်းဥပဒေအရ BGF တပ်ရင်းတိုင်းတွင် ဒုတိယတပ်ရင်းမှူးအပါ အဝင် ဗမာ့ တပ်မတော်အရာရှိ အယောက် ၃၀ ကို နေရာပေး ထားရှိခဲ့သည်။ အဆိုပါ တပ်မတော် အရာရှိများက ရွှေကုက္ကိုလ်နယ်မြေတွင်းမှ အဖြစ်အပျက်တိုင်းကို ၎င်းတို့၏အထက်အရာရှိ များထံ အစီရင်ခံတင်ပြသွားရန် တာဝန်ရှိမည်ဖြစ်သည်။

ဗမာ့တပ်မတော်အရာရှိများကို BGF အတွင်း ထည့်သွင်းနေရာချထားသည့်အပြင် ရွှေကုက္ကိုလ်ဒေသတဝိုက် တွင် စစ်သည်ရာချီရှိသော ဗမာ့တပ်မတော်၏တပ်စခန်း ၆ ခု ရှိသည်။ ထိုတပ်စခန်းများအားလုံးက မော်လမြိုင်မြို့တွင်အခြေစိုက်သော အရှေ့တောင်တိုင်းစစ်ဌာန ချုပ်၏ ကြီးကြပ်ကွပ်ကဲမှု အောက်တွင်ရှိသည်။ အဆိုပါတပ်စခန်းများ၏ တပ်ရင်းမှူးများသည် စီမံကိန်းနယ်မြေအတွင်း လုပ်ငန်းဖော်ဆောင်မှုများကို အပြည့်အစုံသိရှိထားခဲ့ပြီးဖြစ်မည်မှာ ကေန်မလွဲပေ။


လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်နယ်ဝန်ကြီး ဗိုလ်မှူးကြီးမျိုးမင်းနောင် (ဗမာ့ တပ်မတော်အရာရှိ အဖြစ် တာဝန်ထမ်းဆောင်နေဆဲ) သည် ၂၀၁၉ ခုနှစ်မေလတွင် ရွှေကုက္ကိုလ်ဒေသအား "ရှောင်တခင်ဝင် ရောက်စစ်ဆေးမှုများ" ပြုလုပ်ခဲ့ကြောင်း ကရင်ပြည်နယ် ဝန်ကြီးချုပ်က ပြောကြားခဲ့သည်ဟု သတင်းမီဒီယာ များတွင် အစီရင်ခံတင်ပြခဲ့ကြ၏။ ထိုဒေသတွင် တရားမဝင်တရုတ်အလုပ်သမားများ မတွေ့ရှိရပဲ နိုင်ငံကူး လက်မှတ်ကိုင်ဆောင်ထားပြီး တရားဝင် လုပ်ကိုင်နေသော တရုတ်လူမျိုးအယောက် ၁၀၀ ကိုသာ တွေ့ရှိခဲ့ ကြောင်းနှင့် လုပ်ငန်းများကို ရင်းနှီးမြှုပ်နှံမှု ကော်မရှင် (MIC) မှ ခွင့်ပြုထားသည့် နယ်မြေအတွင်း၌သာ လုပ်ကိုင်ဆောင် ရွက်ခြင်းဖြစ်ကြောင်း မျိုးမင်းနောင်က လွှတ်တော်သို့တင်ပြသည် ဟူ၏။[17] ထိုဒေသတွင် ထောင်ပေါင်းများစွာသော တရုတ်အလုပ်သမားများရောက်ရှိနေပြီး ဆောက်လုပ်ရေးလုပ်ငန်း ကိုလည်း MIC သတ်မှတ်နယ်မြေထက် ကျော်လွန်ကာအဆမတန် ပိုမိုကြီးမားကျယ်ပြန့်စွာ အကောင်အထည်ဖော် ဆောင်ရွက်နေခဲ့သည်ကိုထောက်ရှုလျှင် သူသည် အမှန်တရားကိုဖုံး



BNI

*နယ်ခြားစောင့်တပ် တပ်ရင်းဖွဲ့စည်းတည်ဆောက်ပုံ*

၂၀၁၉ ခုနှစ် ရွှေကုက္ကိုလ်အနီးတဝိုက်ရှိ တပ်မတော် စခန်းများ




အစိုးရစစ်တပ်စခန်းများ

ကွယ်နေခဲ့ခြင်းဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေပေသည်။ နေပြည်တော်မှတိုက်ရိုက်အမိန့် ညွှန်ကြားချက်များမရှိလျှင် သူ့အနေနှင့် ထိုသို့လုပ်ဆောင်စရာအကြောင်း လုံးဝမရှိပေ။

သို့ဖြစ်ရာ နေပြည်တော်စစ်ဘက်အာဏာပိုင်များ၏ တရားဝင်ခွင့်ပြုချက်မပါပဲ စီမံကိန်း ကို ထိုအဆင့်ထိ ရောက်အောင် အကောင်အထည်ဖော်နိုင်ခဲ့မည်မဟုတ်သည်မှာ အသေအချာပင် ဖြစ်၏။ သို့ဆိုလျှင် တပ်မတော် နှင့်ရယူခဲ့သောသဘောတူညီချက်က မည်သို့သောသဘောသဘာဝ ရှိသည့်သဘောတူညီချက်မျိုးဖြစ်သနည်း ဟူသည့် အဖြေရှာစရာ မေးခွန်းတစ်ခုတည်းသာ ကျန်ရှိတော့သည်။ ထိုစီမံကိန်းသည် တပ်မတော်အတွက် မဟာဗျူဟာမြောက်အားသာချက်များ ပေးစွမ်းနိုင်ကြောင်း (ပိုင်ဆိုင်မှုပဋိပက္ခဖြစ်ပွားနေသော နယ်စပ်ဒေသ တစ်ခုကို ခိုင်ခိုင်မာမာထိန်း ချုပ်နိုင်ခြင်း) ထင်ရှားပေါ်လွင်နေသည့်အပြင် ထိပ်တန်းတပ်မှူးများအနေဖြင့် လည်း လုပ်ငန်းရှယ် ယာများပိုင်ဆိုင်ပြီး လာဘ်ငွေပမာဏအမြောက်အမြားရရှိမည်မှာ သေချာသလောက်ဖြစ်သည်။

## 4. ရာထိုက် IHG - ကြီးကြီးကျယ်ကျယ်ဂုဏ်တင်ပြောကြားမှုများ၊ ဝေဝါးထွေပြားနေသောအရှိတရား

ရွှေကုက္ကိုလ် SEZ တွင် ရင်းနှီးမြှုပ်နှံလျက်ရှိသော တရုတ်ကုမ္ပဏီ ရာထိုက်နိုင်ငံတကာ ဦးပိုင်အုပ်စု (IHG) သည် တရုတ်အစိုးရမှအားပေးထောက်ခံသော၊ တရားဝင်မှုရှိသည့် (legitimate) စီးပွားရေးအဖွဲ့အစည်းတစ်ခုအဖြစ် ကိုယ့်ကိုယ်ကိုတံဆိပ်ကပ်မြှင့်တင်နေခဲ့သည်။ ရွှေကုက္ကိုလ် SEZ က တရုတ်နိုင်ငံ ခါးပတ်လမ်းစီမံကိန်း (BRI) ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်ဟုလည်း အခိုင်အမာရပ်တည်ပြောဆိုနေခဲ့၏။

ရာထိုက် IHG ၏ ဥက္ကဋ္ဌဖြစ်သူ တရုတ်ပြည်ဖွား စယ်လွင်ခိုက် (She Lunkai) သည် အလွန်အရေးပါသူအဖြစ် အထင်ရောက်စေမည့် အမျိုးမျိုးသောရာထူးဂုဏ်ထူးများကို အသုံးပြုပြီး တရုတ်အစိုးရနှင့် နီးနီးကပ်ကပ် ပတ်သက်ဆက်နွယ်မှုရှိသည့်ပုံစံမျိုး ဖန်တီးလေ့ရှိသည်။ လူအများစိတ်ဝင်စားအာရုံစိုက်သော နိုင်ငံရပ်ခြား တရုတ်အခမ်းအနားများအတွင်း ပါဝင်တက်ရောက်ခဲ့သည့် ၎င်း၏ဓာတ်ပုံများက ရာထိုက် IHG ၏ ဝက်ဘ်ဆိုက်စာမျက်နှာများပေါ်တွင် ပလူပျံနေခဲ့သည်။

တကယ်တမ်းတွင် ရာထိုက်ကုမ္ပဏီနှင့် ကုမ္ပဏီဥက္ကဋ္ဌ၏နောက်ခံသမိုင်းက အလွန်တရာ ဝေဝေဝါးဝါး ရှိလှ၏။ ရွှေကုက္ကိုလ် SEZ ကို တရုတ်အစိုးရက အားပေးထောက်ပံ့နေသည်ဟူသည့် ခိုင်မာသော သက်သေအထောက်အထားလည်း မရှိပေ။ ၂၀၁၇ ခုနှစ်တွင် တရုတ်နိုင်ငံ၏ ထိပ်တန်းအုပ်ချုပ်ရေးအဖွဲ့က နိုင်ငံရပ်ခြားရင်းနှီး မြှုပ်နှံမှုဆိုင်ရာလမ်းညွှန်ချက်များ ချမှတ်ထုတ်ပြန်ခဲ့ရာတရုတ်ကမ္ပဏီများမှ ရင်းနှီးမြှုပ်နှံမှုမပြုရန် တားမြစ် ပိတ်ပင်သည့် လုပ်ငန်းများစာရင်း




Yatai IHG

*ရွှေကုက္ကိုလ်ရှိကြော်ညာဆိုင်းဘုတ်မှ ရာထိုက် ဥက္ကဋ္ဌ စယ်လွင်ခိုက် နှင့် ဗိုလ်မှူးစောချစ်သူ*

(လောင်းကစားလုပ်ငန်း စီမံကိန်းများအပါအဝင်) တစ်ခုကိုလည်း ထည့် သွင်းဖော်ပြထားသည်။[18] တရုတ်အစိုးရက အွန်လိုင်းလောင်းကစားလုပ်ငန်း (ရွှေကုက္ကိုလ် SEZ ၏ အဓိက အကျဆုံး လုပ်ငန်းဟုယူဆရ၏)[19] ကို လူသိရှင်ကြား ပြင်းပြင်းထန်ထန်အရေးယူနှိမ်နင်းနေသည့်အချက်ကို ကြည့်လျှင် ထိုစီမံကိန်းကို တရုတ်အစိုးရမှတရားဝင်အားပေးထောက်ခံနေသည် ဆိုခြင်းက မဖြစ်နိုင် သလောက်ပင်။ သို့သော် တရုတ်အစိုးရက ထိုစီမံကိန်းနှင့်ပတ်သက်၍ မှတ်ချက်ပြုပြောဆိုခဲ့ခြင်းမရှိသည့် အပြင် ရန်ကုန်မြို့ရှိ တရုတ်သံရုံး သို့မဟုတ် ဘေဂျင်းထိပ်တန်း အရာရှိကြီးများအနေဖြင့် အဆိုပါကုမ္ပဏီက ခါးပတ်လမ်း (BRI) အမှတ်တံဆိပ်အားအသုံးချကာ စီမံကိန်းအားမြှင့်တင်နေသည်ကို  သိရှိထားခဲ့ခြင်းရှိမရှိ ဟူသော အချက်ကလည်း ရှင်းရှင်းလင်းလင်းမရှိပေ။

## ရှင်းရှင်းလင်းလင်းမရှိသော ကုမ္ပဏီသမိုင်းကြောင်း

ကုမ္ပဏီ၏တရားဝင်ဝက်ဘ်ဆိုက်တွင်ဖော်ပြထားသောအချက်အလက်များအရ[20] ရာထိုက် IHG (亚太国际控股集团) သည် ဟောင်ကောင်တွင်မှတ်ပုံတင်ခဲ့ပြီး ဘန်ကောက်မြို့တွင် ရုံးချုပ်ဖွင့်လှစ်ထားသော ပုဂ္ဂလိက ကုမ္ပဏီတစ်ခု ဖြစ်၏။ "တရုတ်၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ ထိုင်း၊ မလေးရှား၊ ဟောင်ကောင်နှင့် အခြားနိုင်ငံများ၊ အခြားဒေသများ" ရှိ စီးပွားရေး လုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်ဆောင်ရွက်နေသည်ဟု ဖော်ပြထားသည်။ သို့သော် ရွှေကုက္ကိုလ် SEZ မှာ ၎င်း၏ ဝက်ဘ်ဆိုက်တွင်ဖော်ပြထားသည့် တစ်ခုတည်းသော အဓိကစီမံကိန်းကြီးဖြစ်သည် (ဖိလစ်ပိုင်နိုင်ငံတွင်းမှ ရေပူစမ်းအပန်းဖြေစခန်း (spa) တစ်ခုနှင့် ခရီးသွား အေဂျင်စီတစ်ခု ကလွဲ၍)။ ထိုမျှသေးငယ်ပြီး နဂိုလူသိထင်ရှားမရှိသောကုမ္ပဏီတစ်ခုက "ဒေါ်လာ ၁၅ ဘီလီယံတန်" ရွှေကုက္ကိုလ်စီမံကိန်းကို စတင်ဖော်ဆောင်ရန်အတွက် လိုအပ်သောငွေကြေးအရင်းအနှီးများအား မည်သို့မည်ပုံ စုစည်းရယူနိုင်ခဲ့သည်ကိုလည်း ဖော်ပြထားခဲ့ခြင်းမရှိပေ။

ရာထိုက် IHG ၏ဇစ်မြစ်အပေါ် အများပြည်သူကြား စိတ်ဝင်တစားစောင့်ကြည့်ဝေဖန်စိစစ်မှုများလည်း အလွန်ပင်နည်းပါးနေသေးသည်။ သတင်းမီဒီယာများတွင် ထိုကုမ္ပဏီကို တရုတ်နိုင်ငံမြောက်ပိုင်း၊ ကျိုလင်မြို့ တွင် အခြေစိုက်သည့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်စေသော ကျိုလင်ရာထိုက်အုပ်စု (亚泰集团) ကုမ္ပဏီ လီမိတက်နှင့် မှားယွင်းအမည်တပ်ဖော်ပြမှုများ ကြိမ်ဖန်များစွာ ဖြစ်ပွားခဲ့သည်။ ကျိုလင်ရာထိုက်အုပ်စုမှာ အိမ်ခြံမြေဖော်ဆောင်ရေးနှင့်သတ္တုတူးဖော်ရေးလုပ်ငန်းများ အပါအဝင် စီးပွားရေးလုပ်ငန်းများစွာတို့တွင် ပါဝင်လုပ်ကိုင်ဆောင်ရွက်နေသော ကုမ္ပဏီကြီးတစ်ခု ဖြစ်၏။ ထိုကုမ္ပဏီနှစ်ခုကြားတွင် မည်သည့်ပတ်သက် ဆက်နွယ်မှုမှမရှိပေ။ ကုမ္ပဏီနှစ်ခု၏အမည်ကို အင်္ဂလိပ်ဘာသာဖြင့် အသံထွက်ဖလှယ်ရာတွင် "Yatai" ဟူ၍ တူညီသောအင်္ဂလိပ်စကားလုံးတစ်ခုကို သုံးနှုန်းထားခြင်းသာဖြစ်သည် (မူရင်း တရုတ်စကားလုံးများမှာ ကွဲပြားခြားနားသည်)။

ရာထိုက် IHG ကုမ္ပဏီဥက္ကဌတွင် နာမည်များစွာရှိ၏။ သူသည် စယ်လွင်ခိုက် (သို့မဟုတ် ဒိုင်လန်စယ်) ဟူသောအမည်အပြင် တစ်ခါတစ်ရံတွင် မျိုးရိုးအမည် ထန် သို့မဟုတ် ကျန်းကို အသုံးပြုသည်။ တန်ဖိုးကြီး အဆင့်မြင့်အိမ်ရာများဆောက်လုပ်ရန်အတွက် မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ထုတ်ပေးခဲ့သည့်ခွင့်ပြုမိန့် တွင် သူ၏အမည်ကို ထန် ခရိုင်အန်ခရိုင်း (Tang Kriang Krai) ဟု ဖြည့်သွင်းထားပြီး ကမ္ဘောဒီးယားနိုင်ငံသားတစ်ဦးအဖြစ် သတ်မှတ်ဖော်ပြထားသည်။

တရုတ်မဂ္ဂဇင်းတစ်ခုတွင်ဖော်ပြခဲ့သော (ရာထိုက်ကုမ္ပဏီဝက်ဘ်ဆိုက်တွင်လည်း တင်ပြထားသည်) ကိုယ်ရေး ရာဇဝင်တစ်ခုအရ စယ်လွင်ခိုက် သည် ၁၉၈၂ ခုနှစ် ဝန်းကျင်တွင် ဖွားမြင်ခဲ့ပြီး တရုတ်နိုင်ငံ ဟူနန်ပြည် နယ်တွင်းရှိ ကျေးလက်မိသားစုတစ်ခုအတွင်း ကြီးပြင်းလာခဲ့သူဖြစ်သည်။ အွန်လိုင်းစီးပွားရေးလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်ဆောင်ရွက်ခဲ့ပြီး နောက်ပိုင်းတွင် ဖိလစ်ပိုင်နိုင်ငံ၌ "အီလက်ထရောနစ်လောင်းကစား ကုမ္ပဏီတစ်ခု" ဖွင့်လှစ်ခဲ့သည့် ကိုယ်ထူးကိုယ်ချွန်ကြီးပွားအောင်မြင်လာခဲ့သူတစ်ဦးအဖြစ် သတ်မှတ်ဖော်ပြထားသည်။ သူ၏နိုင်ငံရပ်ခြားစီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်သည့် အသေးစိတ်သတင်းအချက်အလက်များကို ရေးသားဖော်ပြထားခြင်းမရှိသကဲ့သို့ သူ့အနေနှင့် ကမ္ဘောဒီးယားနိုင်ငံသားတစ်ဦး မည်သို့ဖြစ်လာသည်ကိုလည်း ရှင်းလင်းတင်ပြထားခြင်းမရှိပေ။ သို့သော် ကမ္ဘောဒီးယားနိုင်ငံတွင်း သူ၏လုပ်ငန်းဖော်ဆောင်မှု များက ထိုနိုင်ငံအတွင်း လတ်တလော တဟုန်ထိုးမြင့်တက်လာခဲ့သည့် တရုတ်အွန်လိုင်းလောင်းကစား လုပ်ငန်းများ၊ ငွေကြေးလိမ်လည်မှုများတို့နှင့် ဆက်နွယ်မှုရှိသည်ဟု မှန်းထင်ယူဆနိုင်မည်ဖြစ်သည်။ များမကြာသေးမီက ကမ္ဘောဒီးယားအာဏာပိုင်များ ပြင်းပြင်းထန်ထန်အရေးယူနှိမ်နင်းခဲ့ရသော ရာဇဝတ် ကျူးလွန်မှုများပင်ဖြစ်၏။

## တရုတ်အစိုးရနှင့်ဆက်နွယ်မှုများရှိသည်ဟူသည့် ဒွိဟဖြစ်စရာအချက်

ရွှေကုက္ကိုလ် SEZ စီမံကိန်းသည် တရုတ်အစိုးရ၏ (BRI) တွင် အစိတ်အပိုင်းတစ်ခုအဖြစ်ပါဝင်သည်ဟု ရာထိုက် IHG က ၎င်း၏ဝက်ဘ်ဆိုက်ပေါ်တွင် ရေးသားဖော်ပြထားသည်။ ဝက်ဘ်ဆိုက် စာမျက်နှာ၏ကော်လံတစ်ခုတွင် "ခါးပတ်လမ်း တရုတ်-ထိုင်း-မြန်မာစီးပွားရေးစင်္ကြံ"[21] ဟုခေါင်းစဉ်တပ်ထားပြီး ထိုချိတ်ဆက်မှုလမ်းကြောင်းကိုထင်ရှားပေါ်လွင်စေမည့် စီမံကိန်း ကြော်ငြာမြှင့်တင်ရေးဗွီဒီယို (promotional video) တစ်ခုကိုတင်ပြထားသည်။ ရွှေကုက္ကိုလ်ဒေသသည် တရုတ်၊ ထိုင်းနှင့် ဗမာနိုင်ငံတို့ကို ချိတ်ဆက်ထားသည့် ဒေသတွင်းအဝေးပြေးလမ်းများနှင့် မြန်နှုန်းမြင့်ရထားလမ်းများ စုဆုံရာနေရာတွင်တည်ရှိကြောင်း ဖော်ပြထားသောမြေပုံများလည်း ပါဝင်သည်။

တကယ်တမ်းတွင် တရုတ်အစိုးရက ထိုကဲ့သို့သော သုံးနိုင်ငံကြား "တရုတ်-ထိုင်း-မြန်မာ စီးပွားရေး စင်္ကြံ" တစ်ခု ဖော်ဆောင်ရန် ထုတ်ပြန်ကြေညာခဲ့ဖူးခြင်း လုံးဝမရှိပေ။ ခမ်းနားကြီးကျယ်လှသောထိုစီမံချက်၏ အလယ်ဗဟိုတွင် ရွှေကုက္ကိုလ်ဒေသအား နေရာချဖော်ပြထားသည့်




Yatai IHG

*ရွှေကုက္ကိုလ်အနီး ရေးဆွဲထားသော ခါးပတ်လမ်းစီမံကိန်း၏ အဝေးပြေးလမ်းနှင့် ရထားလမ်း ချိတ်ဆက်မှုများ*

ရာထိုက် IHG ၏ မြေပုံများက ပုံဖျက် လိမ်ညာဖန်တီးထားသောမြေပုံများ သို့မဟုတ် စိတ်ကူးယဉ်ဖန်တီးထားသော မြေပုံများသာဖြစ်သည်။ ရွှေကုက္ကိုလ်ဒေသသည် ထိုင်းနိုင်ငံမြောက်ပိုင်းဒေသမှ ဘန်ကောက်မြို့သို့ ဆက်သွယ်သော အဝေးပြေးကားလမ်း၏အနောက်ဘက် ကီလိုမီတာ ၆၀ ကျော် ဝေးကွာသောနေရာတွင် တည်ရှိသည်။ သို့သော် ရာထိုက် IHG ၏ မြေပုံတစ်ခုက ထိုအဝေးပြေးကားလမ်းကို ရွှေကုက္ကိုလ်နယ်မြေနှင့်ကပ်လျက် ဖြတ်သန်းပြေးဆွဲနေ သယောင်ဖန်တီးထားသည်။

နှစ်နိုင်ငံနယ်စပ်ကို မဲဆောက်မြို့တွင်ဖြတ်သန်းပြီး ရန်ကုန်မြို့မှ ဘန်ကောက်မြို့သို့ဆက်သွယ်သော မြန်နှုန်း မြင့်ရထားလမ်းသစ်တစ်ခုကို ဖော်ပြထားသည့် မြေပုံများမှာလည်း စိတ်ကူးယဉ်ဆန်လွန်းလှသည်။ တရုတ် နိုင်ငံသည် ဗမာပြည်နှင့်ထိုင်းနိုင်ငံအတွင်း အကောင်အထည်ဖော်ရန် စီစဉ်ထားသော မြန်နှုန်းမြင့်ရထားလမ်း များနှင့်ပတ်သက်၍ အခက်အခဲပြဿနာများစွာ ရင်ဆိုင်ကြုံတွေ့နေရပြီးဖြစ်ရာ ကြားသိခဲ့ဖူးခြင်းမရှိသည့် ထိုစီမံကိန်းအဆိုပြုချက်ကို တွန်းအားပေးဖော်ဆောင်သွားရန်မှာ ဖြစ်နိုင်ခြေနည်းပါးလွန်းသော ကိစ္စရပ်တစ်ခု ဖြစ်သည်။

၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် ရန်ကုန်မြို့၌ကျင်းပခဲ့သည့် (၁၄) ကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ တရုတ်စီးပွားရေးစွမ်းဆောင်ရှင်များညီလာခံ (WCEC) အတွင်း ရွှေကုက္ကိုလ် အထူးစီးပွားရေးဇုန် စီမံကိန်းအတွက် ရာထိုက်ကုမ္ပဏီဥက္ကဋ္ဌနှင့် ဗိုလ်မှူးကြီးချစ်သူ (ရာထိုက်

IHG ဝက်ဘ်ဆိုက်တွင် "ဗိုလ်ချုပ်ကြီး" ချစ်သူ ဟု အမြဲ သုံးနှုန်းဖော်ပြထားသည်) တို့ကြား သဘောတူညီချက်စာချုပ်တစ်ခု လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ခြင်းက ထိုစီမံကိန်းအနေဖြင့် တရုတ်အစိုးရထိပ်တန်းအရာရှိကြီးများ၏ အားပေးထောက်ခံမှုကိုရရှိထားကြောင်း ပြသရန် ရည်ရွယ်သည်ဟု ထင်မြင်ယူဆရ၏။ WCEC သည် တရုတ်အစိုးရအပါအဝင် အာရှနိုင်ငံအစိုးရများစွာတို့၏ အားပေးထောက်ပံ့မှုကိုရရှိသော နိုင်ငံရပ်ခြား တရုတ်စီးပွားရေးသမားများ အစည်းအဝေးတစ်ရပ်ဖြစ်သည်။

စယ်လွင်ခိုက် သည် WCEC အခမ်းအနားကို အခွင့်ကောင်းယူကာ သူ့ကိုယ်ပိုင်စီမံကိန်းကို မြှင့်တင်ကြော်ငြာခဲ့ဟန်ရှိ၏။ သူသည် "မြန်မာ-တရုတ်စီးပွားရေးထိပ်သီးဆွေးနွေးပွဲနှင့် မြန်မာစီမံကိန်း လက်မှတ်ရေးထိုးခြင်း အခမ်းအနား (Myanmar-China Business Summit and Myanmar Project Signing Ceremony)" ဟူသော တွဲဖက်ကျင်းပသည့်အခမ်းအနားငယ်တစ်ခုကို ရန်ပုံငွေထောက်ပံ့ (sponsor) ပေးခဲ့ပြီး ရန်ကုန် မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် ဗမာပြည်ဆိုင်ရာတရုတ်သံရုံးမှ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး အတိုင်ပင်ခံပုဂ္ဂိုလ် ရှယ်ကော်ရှင်းတို့အပါအဝင် ဗမာနှင့်တရုတ်ဧည့်သည်တော်များကို ဖိတ်ကြားကာ စာချုပ်လက်မှတ်ရေးထိုးမှုကို သက်သေပြုစေခဲ့သည်။ တရုတ်သံကိုယ်စားလှယ်ပါရှိနေခြင်းက ထိုစီမံကိန်းအတွက် တရားဝင်မှု (legitimacy) ပေးစွမ်းခဲ့ပြီး ထိုအခမ်းအနားကို တရုတ်နိုင်ငံ၏ နိုင်ငံပိုင်သတင်းအေဂျင်စီ ရှင်းဟွာ (Xinhua) ကပင် အစီရင်ခံတင်ပြခဲ့၏။[22] တကယ်တမ်းတွင် ထိုအခမ်းအနားက တရုတ်အစိုးရ၏တရားဝင် ပါဝင်မှုကို ကိုယ်စားပြုထင်ဟပ်ခြင်း မရှိပါချေ။

ရာထိုက် IHG သည် တရားဝင်မှု (legitimacy) ရရှိနိုင်မည့် နည်းလမ်းတစ်ရပ်အနေဖြင့် တရုတ်နိုင်ငံ၏ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ (SOEs) နှင့် ဆက်နွယ်မှုများတည်ဆောက်ရန် တက်တက်ကြွကြွ ကြိုးပမ်း ဆောင်ရွက်ခဲ့၏။ ဥပမာ ၂၀၁၇ ခုနှစ် စက်တင်ဘာလအတွင်း ရန်ကုန်မြို့တွင်ကျင်းပခဲ့သော အခမ်းအနားတွင် ရာထိုက်ကုမ္ပဏီသည် (တရုတ်နိုင်ငံ၏အကြီးမားဆုံး SOEs များတွင် တစ်ခုအပါအဝင်ဖြစ်သည့် တရုတ်နိုင်ငံ မက်တယ်လာဂျစ်ကယ် ကော်ပိုရေးရှင်း (MCC) ၏ လက်အောက်ခံ ကုမ္ပဏီ) MCC International နှင့် အထွေထွေသဘောတူညီချက်စာချုပ်တစ်ခု လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သည်။

သို့သော် တစ်ခါတစ်ရံတွင် ရာထိုက် IHG သည် မိတ်ဖက်စီးပွားရေးကုမ္ပဏီများ၏ တရားဝင်ဆက်နွယ် ပတ်သက်မှုများကိုလည်း အလွန်အမင်းချဲ့ကားပုံဖော်လေ့ရှိသည်။ ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် ရာထိုက် IHG က "တရုတ်နိုင်ငံ၏နိုင်ငံတကာစီးပွားရေးဖလှယ်မှုဗဟိုဌာန" (CCIEE, 中国国际经济交流中心) နှင့် ပူးပေါင်း ဆောင်ရွက်ရေး သဘောတူညီချက်စာချုပ်တစ်ခု လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။[23] CCIEE သည် တရုတ်ဗဟိုအစိုးရနှင့်တရားဝင်ဆက်နွယ်မှုရှိသည့် ထင်ရှားကျော်ကြားသောနိုင်ငံရေးနှင့်စီးပွားရေးဆိုင်ရာ အကြံပေးပညာရှင်အဖွဲ့တစ်ခုဖြစ်၏။ စာနယ်ဇင်း ရှင်းလင်းပွဲတွင် ရာထိုက် IHG က တရုတ်-မြန်မာ စီးပွားရေးစင်္ကြံဆိုင်ရာ စီမံချက်ရေးဆွဲချမှတ်ရန်အတွက် တရုတ်ဗဟိုအစိုးရသည် CCIE ကို

များမကြာသေးမီကပင် တာဝန်ပေးအပ်ခဲ့သည်ဟု အတိအလင်း ထုတ်ပြန်ပြောကြားခဲ့သည်။ တကယ်တမ်းတွင် ရာထိုက် IHG နှင့် သဘောတူစာချုပ် ရေးထိုးချုပ်ဆိုခဲ့သောအဖွဲ့အစည်းမှာ CCIE ၏လက်တံအဖွဲ့အစည်းတစ်ခုဖြစ်သည့် စီးပွားရေးအတိုင်ပင်ခံအဖွဲ့သာဖြစ်သည် (CCIE နိုင်ငံရေးနှင့်စီးပွားရေးအကြံပေးပညာရှင်အဖွဲ့မဟုတ်ပေ)။

ရာထိုက် IHG ၏ မိတ်ဖက် တရုတ် SOE (နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းကြီး) ဟူသည်က လည်း အတုအယောင် သာဖြစ်သည်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် ရာထိုက် IHG သည် "ထင်ရှား ကျော်ကြားသော တရုတ်ဗဟိုအစိုးရ SOE"[24] တစ်ခုက ကုမ္ပဏီနှင့်ပူးပေါင်းဆောင်ရွက်နိုင် ရန် လာရောက်လည်ပတ်ခဲ့ကြောင်း ဂုဏ်တင်ကြွေးဝါဖော်ပြခဲ့သည်။ အမှန်မှာ အဆိုပါ "China National Red Estate Develop Investoneot Group" (sic)[25] က အစစ်အမှန် တရုတ် SOE တစ်ခုဖြစ်သည့် "China National Estate Development Group" ၏ အတိုကောက်အသုံးအနှုန်း "CRED"[26] ကို ပုံမှားရိုက် အသုံးပြုခဲ့ခြင်းသာဖြစ်သည်။


စယ်လွှင်ခိုက် သည် ရာထိုက် IHG ၏ ဥက္ကဋ္ဌ ဟူသောရာထူးအပြင် တရုတ်အစိုးရထိပ် တန်းအရာရှိများနှင့် ပတ်သက်ဆက်နွယ်မှုများရှိသည်ဟု အထင်ရောက်စေမည့် ဘွဲ့ထူးရာထူး များကိုလည်း တစ်သီတစ်သန်းကြီး ရယူအသုံးပြုခဲ့သည်။ သို့သော်အချို့ရာထူးများ၏ အရေး ပါအရာရောက်မှုက မေးခွန်းထုတ်စရာဖြစ်နေသည် (ဥပမာ "တရုတ်နိုင်ငံ နိုင်ငံရပ်ခြားတရုတ် စီးပွားရေးစွမ်းဆောင်ရှင် များအဖွဲ့ချုပ် (CFOCE, 中国侨商联合) ဒုတိယဥက္ကဋ္ဌ" ဟူသော ရာထူး)။ CFOCE သည် တရုတ်နိုင်ငံလုံးဆိုင်ရာ ပြည်တော်ပြန်နိုင်ငံရပ်ခြားတရုတ် လူမျိုးများ အဖွဲ့ချုပ် (ACFROC, 中华全国归国华侨联合会) ၏ အဖွဲ့ခွဲတစ်ခုဖြစ်၏။ ACFROC မှာ တရုတ် ကွန်မြူနစ်ပါတီကဦးဆောင်ပြီး ကမ္ဘာအနှံ့ပျံ့နှံ့ရောက်ရှိနေသာတရုတ်မျိုးနွယ်များနှင့် ပူးပေါင်း ဆောင်ရွက်ရန်ရည်ရွယ်သည့် အစိုးရတစ်ပိုင်း (quasi-official) အဖွဲ့အစည်းဖြစ်၏။ သို့ဖြစ်ရာ ဒုတိယဥက္ကဋ္ဌ ဟူသောရာထူးက စယ်လွှင်ခိုက်အတွက် တရုတ်ကွန်မြူနစ်ပါတီနှင့်နီးကပ် သောဆက်နွယ်မှုများရှိသည်ဟူသည့် ဂုဏ်ရှိန်ကို ရရှိပိုင်ဆိုင်စေသည်။ သို့သော် CFOCE တွင် အရေအတွက်ကန့်သတ်မထားသော ဒုတိယဥက္ကဋ္ဌများရှိသည် (ရာထိုက် IHG ဝက်ဘ်ဆိုက်တွင် ထိုအချက်ကိုဖော်ပြမထားပါ) ဖြစ်ရာ တကယ်တမ်းတွင် ထိုရာထူးက အရေးမပါလှသည့်ရာ ထူးတစ်ခု ဖြစ်နိုင်သည်။

စယ်လွှင်ခိုက် ခံယူအသုံးပြုသော နောက်ထပ်ရာထူးတစ်ခုမှာ ၂၀၁၇ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့သည့် ဟောင်ကောင် မြန်မာ-တရုတ်ချစ်ကြည်ရေးအဖွဲ့ (the Hong Kong Myanmar-China Friendship Association) ၏ ရာသက်ပန်ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဟူသောရာထူးဖြစ်သည်။ သို့သော် ၂၀၁၇ ခုနှစ်ကတည်းကစပြီး ထိုအဖွဲ့၏ဝက်ဘ်ဆိုက်ကို[27] အသစ်ဖြည့်စွက်ပြင်ဆင်မှုများ (update) ပြုလုပ်ခဲ့ခြင်းမရှိပေ။ လုပ်ငန်းဆောင်ရွက်မှုမပြု တော့သည့်ဝက်ဘ်ဆိုက်ဟု ထင်မြင်ယူဆရ၏။

## အွန်လိုင်းလောင်းကစားလုပ်ငန်း

ရွှေကုက္ကိုလ်စီမံကိန်း၏တားမြစ်နယ်မြေတစ်ခုတွင် အွန်လိုင်းလောင်းကစားလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေခဲ့ပြီးဖြစ်သည်ဟူသောအချက်က နယ်မြေဒေသခံများကြား အားလုံး သိရှိထားပြီးသော လျှို့ဝှက်ချက်တစ်ခုသာ ဖြစ်သည် (ယင်းကိစ္စကို ကရင်ငြိမ်းချမ်းရေးအထောက် အကူပြုကွန်ရက် KPSN ကလည်းအတည်ပြုခဲ့သည်)။ သို့သော် အွန်လိုင်းလောင်းကစားလုပ်ငန်း က မြို့တော်သစ်၏ အဓိကအကျဆုံးအစိတ်အပိုင်းတစ်ရပ် ဖြစ်လာ မည်ဟူ၍ ညွှန်းဆိုဖော်ပြ နေသည့် သဲလွန်စများကို ရာထိုက် IHG ၏ ဝက်ဘ်ဆိုက်နှင့် ကြော်ငြာစာစောင်/ ပစ္စည်းများတွင် တွေ့မြင်နိုင်ပေသည်။

"Blockchain ဒီဂျစ်တယ်မှတ်တမ်းပြုစုထိန်းသိမ်းခြင်းနည်းပညာ" သည် မြို့တော်၏ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ငွေကြေးလွှဲပြောင်းပေးချေမှုများအတွက် အရေးအကြီးဆုံး အရာတစ်ခုဖြစ်သည်ဟူ၍ ရာထိုက် IHG မှ အကြီးအကျယ်မြှင့်တင်ကြော်ငြာနေခြင်းက ထိုအန္တရာယ်၏အရိပ်အယောင်တစ်ခု ဖြစ်သည်။ ရာထိုက် IHG ကမူ လာမည့် ငါးနှစ်မှဆယ် နှစ်တာကာလအတွင်း ရာထိုက်မြို့တော်ကို "မြန်မာနိုင်ငံ၏ Blockchain နည်းပညာသုံး အထူးစီးပွားရေးဇုန်" အဖြစ် တည်ဆောက်သွားမည်ဟု အခိုင်အမာဆိုနေခဲ့၏။[28] Blockchain




*"ရာထိုက်မြို့တော်၏ဂေဟစနစ်ကို အထောက်အပံ့ပေးရန် အစွမ်းကုန်မြှပ်နှံဆောင်ရွက်သွားမည့် တစ်ခုတည်းသော blockchain ကုမ္ပဏီ" ဟူ၍ စျေးကွက်မြှင့်တင်ကြော်ငြာနေသည့် စင်ကာပူအခြေ စိုက် BCB Blockchain ကုမ္ပဏီ၏ ဝက်ဆိုဘ်မှရယူထားသည်။ (www.bcbchain.io)*




Reuters

*ကမ္ဘောဒီးယားနိုင်ငံမှ ပြည်နှင်ဒဏ်ပေးခြင်းခံရသော တရုတ်နိုင်ငံသားများ*

ဒီဂျစ်တယ်မှတ်တမ်းပြုစုထိန်းသိမ်းခြင်း နည်းပညာကို အွန်လိုင်းလောင်းကစားလုပ်ငန်း ဆောင်ရွက်မှုများအတွက် တစ်နေ့တစ်ခြား ပိုမိုအသုံးများလာခဲ့သည်။ ထိုနည်းပညာကြောင့် တရားဝင်ဘဏ်လုပ်ငန်းစနစ်များ၏ပြင်ပတွင် ငွေကြေးပမာဏအမြောက်အမြားကို တမဟုတ်ချင်းလွှဲပြောင်းပေးချေနိုင်သည်။ တရားဝင် ဘဏ်စာရင်းများဖွင့်စရာ မလိုသဖြင့် ကိုယ်ရေးအချက်အလက်များကိုလျှို့ဝှက်ထားနိုင်သည်ဖြစ်ရာ အွန်လိုင်း လောင်းကစားခြင်းကို အစိုးရမှပိတ်ပင်တားမြစ်ထားသည့်နိုင်ငံများမှ နိုင်ငံသားများ (ဥပမာ တရုတ်နိုင်ငံသား များ) အတွက် အလွန်အသုံးဝင်လေသည်။

ရာထိုက် IHG သည် အွန်လိုင်းကြော်ငြာများတင်ကာ တရုတ်လူမျိုးကာစီနိုလုပ်ငန်းရင်းနှီးမြှုပ်နှံသူများအား ကမ္ဘောဒီးယားနိုင်ငံမှ ရွှေကုက္ကိုလ်ဒေသသို့ လုပ်ငန်းပြောင်းရွှေ့လုပ်ကိုင်ရန် ဖိတ်ခေါ်နေခဲ့ခြင်းကလည်း အဆိုပါအန္တရာယ်၏ နောက်ထပ်ရှေ့ပြေးနိမိတ်တစ်ခုဖြစ်၏။ ယင်းသည် ကမ္ဘောဒီးယားနိုင်ငံအတွင်း ပြင်းပြင်း ထန်ထန်ဖြိုခွင်းနှိမ်နင်းမှုများနှင့်ရင်ဆိုင်ကြုံတွေ့နေရသည့် အွန်လိုင်းလောင်းကစားလုပ်ငန်း ဖွင့်လှစ်လုပ်ကိုင် သူများအတွက် အစားထိုးနေရာဌာနတစ်ခု ကမ်းလှမ်းပေးအပ်သည့်လုပ်ရပ်ဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေ

သည်။ ကြီးမားသော တရုတ်ကာစီနိုအပန်းဖြေမြို့တစ်မြို့အဖြစ် ပြောင်းလဲသွားခဲ့ပြီဖြစ်သော စီအန်နော့ဗီးလ် (Sihanoukville) ပင်လယ်ကမ်းမြို့လေးတွင် အခြေစိုက်သည့် ဝက်ဘ်ဆိုက်များတွင်လည်း ကြော်ငြာအချို့ တင်ခဲ့သည်။ လက်ရှိတွင် စီအန်နော့ဗီးလ်မြို့၌ ပင်လယ်ရပ်ခြား တရုတ်လူမျိုး ၂၀၀,၀၀၀ ကျော်ကို ဝန်ဆောင် မှုပေးနေသည့် ကာစီနိုလောင်းကစားရုံကြီး (၉၃) ရုံရှိပြီး လောင်းကစားနှင့်ဆက်နွယ်နေသောရာဇဝတ်မှုအရေအတွက် တဟုန်ထိုးမြင့်တက်နေခဲ့ကြောင်း တွေ့မြင်ရသည်။ ကမ္ဘောဒီးယားနိုင်ငံသို့ပို့ဆောင်တာဝန်ချထားသော တရုတ်ရဲအရာရှိများက ကမ္ဘောဒီးယားရဲတပ်ဖွဲ့၏ပူးပေါင်းဆောင်ရွက်မှုဖြင့် ရာဇဝတ်မှုများတွင် ပါဝင်ပတ်သက်နေသည့် တရုတ်နိုင်ငံသားအမြောက်အမြားကို ဖမ်းဆီးကာ ကမ္ဘောဒီးယားနိုင်ငံမှနှင်ထုတ်ခဲ့သည်။

ရွှေကုက္ကိုလ်စီမံကိန်းနယ်မြေအတွင်းသို့ဝင်ရောက်ကာ လုပ်ငန်းဖော်ဆောင်နေခဲ့ပြီးဖြစ်သောကုမ္ပဏီများနှင့်ပတ်သက်၍ ရာထိုက် IHG တွင်ဖော်ပြထားသောအသေးစိတ်သတင်းအချက်အလက်များအရ ထိုကုမ္ပဏီများ၏စီးပွားရေးလုပ်ငန်းမှာ အွန်လိုင်းလောင်းကစားလုပ်ငန်းဖြစ်ကြောင်း မှန်းဆသိမြင်နိုင်သည်။ ဥပမာ စီမံကိန်း နယ်မြေအတွင်း"သတင်းနည်းပညာအဆင့်မြင့်အဆောက်အအုံ (IT Compound)" ဆောက်လုပ်ခဲ့ပြီး "အဆင့်မြင့်နည်းပညာ (hi-tech)" ကုမ္ပဏီတစ်ခုအဖြစ် ရပ်တည်လုပ်ကိုင်ဆောင်ရွက်နေသောထျန်းရှအုပ်စု (天下集团) သည် ရွှေကုက္ကိုလ်စီမံကိန်းဒေသအတွင်းသို့ ပထမဆုံးဝင်ရောက်လာသောကုမ္ပဏီများတွင် တစ်ခုအပါ အဝင်ဖြစ်၏။[29] ထိုအဆောက်အအုံတွင် ရုံးခန်းများအတွက်အထပ်သုံးထပ်နှင့် လူနေဆောင်များအတွက် အထပ်လေးထပ် (ထပ်ကုတင် များပါရှိသော အခန်းပေါင်း ၁၁၇ ခန်း) ပါရှိသည်။ ထိုအခင်းအကျင်းပုံစံက အရှေ့တောင်အာရှ၏ အခြားနေရာဒေသများတွင် တွေ့မြင်ရသော အွန်လိုင်းလောင်းကစားကုမ္ပဏီများ၏ စံနမူနာဖွဲ့စည်းတည်ဆောက်မှုပုံစံပင်ဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံတွင် "IT မြို့" ဟူသည် အွန်လိုင်းလောင်း ကစား/ ငွေကြေးလိမ်လည်ရယူသော ကုမ္ပဏီအစုအဝေးကို ရည်ညွှန်းသည့် သိမ်မွေ့သောအသုံးအနှုန်းတစ်ခုဖြစ်သွားခဲ့ပြီဖြစ်၏။ ထိုကုမ္ပဏီများသည် ၎င်းတို့၏ဝန်ထမ်းများအတွက် နေရေးစားရေးစီစဉ်ပေးပြီး (ဥပဒေ နှင့်မညီသောလုပ်ငန်းသဘောသဘာဝကြောင့်) အနီးကပ်စောင့်ကြည့်စစ်ဆေးမှုအောက်တွင် ထားရှိသည်။

## 5. "ကာစီနိုအထူးစီးပွားရေးဇုန်များ (Casino SEZs)" - လာအိုနိုင်ငံမှရရှိသော သင်ခန်းစာများ

လာအိုနိုင်ငံတွင် "အထူးစီးပွားရေးဇုန်များ" အဖြစ် အရေခြုံထားသော တရုတ်ကျော ထောက်နောက်ခံ ကာစီနို လောင်းကစားဌာနအဆောက်အဦးများ (casino complexes) ကို တည်ဆောက်ခဲ့သည်။ ထိုအထူးစီးပွားရေး ဇုန်များသည် ရွှေကုက္ကိုလ်စီမံကိန်း၏လာရားနှင့်ပတ်သက်၍ တန်ဖိုးရှိသော လေ့လာသင်ယူစရာ သင်ခန်းစာများဖြစ်၏။

### အထိန်းအကွပ်မဲ့ပျံ့နှံ့လာသောရာဇဝတ်မှုများ

၂၀၀၃ ခုနှစ် တွင် လာအိုနိုင်ငံအစိုးရသည် လွမ်နမ်သာ (Luang Nam Tha) ပြည်နယ်အတွင်း လာအို-တရုတ် နယ်စပ်ပေါ်ရှိ ဧက ၄၀၀၀ ကျယ်ဝန်းသောမြေနေရာပေါ်တွင် "ရွှေဘိုထန်းမြို့တော် (Golden Boten City)" အထူးစီးပွားရေးဇုန် တည်ဆောက်ရန်အတွက် ဟောင်ကောင်တွင်မှတ်ပုံတင်ထားသောကုမ္ပဏီတစ်ခုနှင့် လက်မှတ်ရေးထိုးသဘောတူညီမှုပြုခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် တရုတ်လောင်းကစားသမားများကို ပစ်မှတ်ထားဦးတည်သော ကြီးကျယ်ခမ်းနားလှသည့် ဖျော်ဖြေရေး ကာစီနိုလောင်းကစားဌာနအဆောက်အဦးကြီး (casino entertainment complex) ကို ဖွင့်လှစ်ခဲ့၏။

အစပိုင်းတွင် စီမံကိန်းက အလျင်အမြန်တိုးတက်အောင်မြင်ခဲ့သည်။ သို့သော် စီမံကိန်း နယ်မြေတွင်းရှိ ပုဂ္ဂလိကလုံခြုံရေးတပ်ဖွဲ့များက လောင်းကစားလုပ်ငန်းရှင်သူဌေးများကိုသာ တာဝန်ခံရသည်ဖြစ်ရာ ရာဇဝတ်မှုများက နှစ်အနည်းငယ်အတွင်း တဟုန်ထိုးမြင့်တက်လာခဲ့၏။ အကြွေးမဆပ်နိုင်သော တရုတ်လောင်းကစားသမားများအား သတ်ဖြတ်မှုနှင့် ညှင်းပန်းနှိပ်စက်မှုများအကြောင်း တိုင်တန်းတင်ပြမှုများ တစ်နေ့တစ်ခြားပိုမိုများပြားလာခဲ့ပြီးနောက် ၂၀၁၀ ခုနှစ်တွင် တရုတ်အာဏာပိုင်များက ထိုဒေသသို့ နယ်စပ် ဖြတ်ကျော်ခရီးသွားလာမှုများကို စတင်ကန့်သတ်ပိတ်ပင်ခဲ့ပြီး တယ်လီဖုန်းဝန်ဆောင်မှုများကိုလည်း ဖြတ်တောက်ခဲ့သည်။ ကာစီနိုလောင်းကစားရုံများတွင် လူသူခန်းခြောက်သွားခဲ့ပြီး ၂၀၁၁ ခုနှစ် နှစ်လယ်ပိုင်းတွင် ထိုလောင်းကစားရုံများအားလုံးကို ပိတ်သိမ်းခဲ့ရသည်။ ယခုအခါတွင် စွန့်ပစ်ထားသော SEZ အဆောက် အအုံများက ပြုပြင်ထိန်းသိမ်းသူမရှိပဲ ယိုယွင်းပျက်စီးနေခဲ့ပြီဖြစ်သည်။

### ဒေသခံများအတွက် နည်းပါးလှသောအလုပ်အကိုင်များ

"ရွှေဘိုထန်းမြို့ (Golden Boten City)" ကို မပိတ်သိမ်းမီက ထိုမြို့တွင်ခန့်အပ်ထားသော ဝန်ထမ်း အားလုံး လိုလိုမှာ တရုတ်လူမျိုးများဖြစ်သည်။ အလားတူပင် ဘိုခီအို (Bokeo) ပြည်နယ် အတွင်း မဲခေါင်မြစ်ပေါ်ရှိ "ရွှေတြိဂံအထူးစီးပွားရေးဇုန်" တွင်လည်း ဒေသခံအရေအတွက်အနည်းငယ်မျှကိုသာ အလုပ်ခန့်ထားခဲ့သည်။

၂၀၁၇ ခုနှစ်တွင် လာအိုနိုင်ငံအစိုးရသည် (ထိုင်းနိုင်ငံ၊ ချန်းဆွမ် (Chiang Saen) ခရိုင်၏ တစ်ဖက်ကမ်းတွင်) ရွှေတြိဂံအထူးစီးပွားရေးဇုန် တည်ဆောက်ရန်အတွက် ဟောင်ကောင်တွင် မှတ်ပုံတင်ထားသောကုမ္ပဏီတစ်ခု ဖြစ်သည့် ကင်းရိုမန်အုပ်စု (Kings Roman Group) ကို ၇၅ နှစ်တာ စီမံကိန်းဖော်ဆောင်ပိုင်ခွင့် ပေးအပ်ခဲ့၏။ ကြီးမားကျယ်ပြန့်လှသော ရွှေတြိဂံ SEZ (မြေဧက ၂၀,၀၀၀ ကျော် လွှမ်းခြုံသောစီမံကိန်း) ကို ကာစီနိုလောင်း ကစားဗဟိုဌာနတစ်ခု အဖြစ်သာမက စိုက်ပျိုး-စက်မှုလုပ်ငန်းနှင့် မွေးမြူရေးဗဟိုဌာန၊ သတင်းအချက်အလက် နည်းပညာနှင့် ကွန်ပြူတာဗဟိုဌာနတစ်ခုအဖြစ် တည်ဆောက်ခြင်းဖြင့် လာအိုနိုင်ငံ၏ဖွံ့ဖြိုး တိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဟု အမွှမ်းတင်ကြော်ငြာခဲ့သည် (ရွှေကုက္ကိုလ်စီမံကိန်း မှာကဲ့သို့ပင်)။

သို့သော် မကြာသေးမီကထုတ်ပြန်ခဲ့သော သုတေသနဆောင်းပါးတစ်စောင်တွင် "နောက်ဆုံးရအစိုးရ ကိန်း ဂဏန်းများအရ ရွှေတြိဂံ SEZ တွင် လက်ရှိအလုပ်လုပ်ကိုင်နေသူဦးရေ ၆၃၄၇ ဦး ရှိသည့် အနက် ၂၀၈ ဦးက သာ လာအိုနိုင်ငံသားများဖြစ်သည်" ဟု ထုတ်ဖော်ရေးသားခဲ့၏။[30] အလုပ်အကိုင် ၃% ကသာ ဒေသခံများအတွက်ဖြစ်ပြီး ထိုအလုပ်အကိုင်အများစုမှာလည်း ကျွမ်း ကျင်မှုမလိုအပ်သောအလုပ်အကိုင်များ (low-skilled jobs) သာဖြစ်သည်ဟု ဆိုလိုပေသည်။

## တရားမဝင် တောရိုင်းတိရစ္ဆာန်ရောင်းဝယ်ဖောက်ကားမှု၊ သဘာဝပတ်ဝန်း ကျင်ထိခိုက်ပျက်စီးမှု

၂၀၁၅ ခုနှစ်တွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာစုံစမ်းစစ်ဆေးရေးအေဂျင်စီ (EIA) က "ဒုစရိုက် မြို့တော် (Sin City)" ဟုအမည်ရသော အစီရင်ခံစာတစ်ခုတွင် ရွှေတြိဂံအထူး စီးပွားရေးဇုန်သည် တောရိုင်းတိရစ္ဆာန် တရားမဝင်ရောင်းဝယ်ဖောက်ကားရေးဗဟိုဌာနတစ် ခုဖြစ်ကြောင်း ထုတ်ဖော်ရေးသားတင်ပြခဲ့၏။ စားသောက်ဆိုင်များသည် လုပ်ငန်းမြေနေရာ ပေါ်မှ "တိရစ္ဆာန်ရုံ" တစ်ခုတွင် ထိန်းသိမ်းထားသည့် ကျားများ နှင့်ဝက်ဝံများအပါအဝင် မျိုးသုဉ်းပျောက်ကွယ်တော့မည့် တောရိုင်းတိရစ္ဆာန်များကို ဟင်းလျာများအဖြစ် ရောင်းချ နေခဲ့သည်။

အာရှနှင့်အာဖရိကမှမှောင်ခိုတင်သွင်းလာသည့် မျိုးသုဉ်းပျောက်ကွယ်တော့မည့်မျိုးစိတ် များ (ကျားသစ်များ၊ ဆင်များ၊ ကြံ့များ၊ သင်းခွေချပ်များ၊ အောက်ချင်းမြီးရှည်ငှက်များ၊ မြွေများ) မှ ထုတ်လုပ်သောထုတ်ကုန်များကို ဆိုင်များတွင် ပေါ်ပေါ်ထင်ထင်ရောင်းချနေခဲ့၏။

လူအများ၏စောင့်ကြည့်ပြစ်တင်ဝေဖန်မှုများ မြင့်တက်လာပြီးနောက်ပိုင်း ပြင်းပြင်း ထန်ထန်အရေးယူနှိမ်နင်း မှုတစ်ရပ်ပြုလုပ်ခဲ့သော်လည်း ရွှေတြိဂံ SEZ အတွင်း တောရိုင်းတိရစ္ဆာန် တရားမဝင်ကုန်သွယ်ရောင်းဝယ်မှုများ ဆက်လက်ဖြစ်ပွားနေခဲ့ကြောင်း EIA က ၂၀၁၈ ခုနှစ်တွင် အစီရင်ခံတင်ပြခဲ့သည်။




EIA

ရွှေတြိဂံအထူးစီးပွားရေးဇုံတွင် ရောင်းချနေသည့် ကျားအရေခွံ၊ လာအိုနိုင်ငံ



westernsydney.edu.au

King Roman ကာစီနို၊ လာအိုနိုင်ငံ

ရွှေတြိဂံ SEZ အတွင်းရှိမြေယာများကို ငှက်ပျောစိုက်ခင်းများအတွက် အသုံးပြုနေခဲ့သည်ဟူသော အစီရင်ခံ တင်ပြမှုများလည်း ထွက်ပေါ်လာခဲ့သည်။[31] လာအိုနိုင်ငံတွင် တရုတ်ရင်းနှီးမြှုပ်နှံသူများက ငှက်ပျောတစ်မျိုး တည်းဆက်တိုက်စိုက်ပျိုးမှု (banana monocropping) ကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ဆောင်ရွက်နေခဲ့ ခြင်းကြောင့် သဘာဝပတ်ဝန်းကျင်နှင့်ကျန်းမာရေးဆိုင်ရာဆိုးကျိုးများစွာ ဖြစ်ပေါ်စေခဲ့သည်။ အဆိပ် အတောက်ဖြစ်စေသော ဓာတုပိုးသတ်ဆေးများနှင့် ဓာတ်မြေသြဇာများကို အလွန်အကျွံသုံးစွဲခဲ့ရခြင်း ကြောင့်ဖြစ်သည်။ မဲခေါင်မြစ်တွင်းသို့ စီးဝင်သွားခဲ့သော ဓာတုပစ္စည်းများက ငါးများကို အဆိပ်သင့်စေပြီး နယ်မြေဒေသတွင်းသက်မွေးငါးဖမ်းလုပ်ငန်းများကို ထိခိုက်ပျက်စီးစေခဲ့သည်။[32]

## မူးယစ်ဆေးဝါးတရားမဝင်ရောင်းဝယ်ဖောက်ကားခြင်းနှင့် ငွေကြေးခဝါချခြင်း

၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် အမေရိကန်ပြည်ထောင်စု၏ငွေတိုက်ဦးစီးဌာနသည် ရွှေတြိဂံ SEZ တည်ထောင် လုပ်ကိုင်နေသည့် တရုတ်စီးပွားရေးတိုင်ကွန်း ကျောင်းဝေ (Zhao Wei) ဦးဆောင်သော ဟောင်ကောင်အခြေစိုက် ကင်းရိုမန်အင်တာနေရှင်နယ် (ဟောင်ကောင်) ကုမ္ပဏီလီမိတက်ကို အရေးယူပိတ်ဆို့မှုပြစ်ဒဏ်များ ချမှတ်ခဲ့သည်။

ငွေတိုက်ဦးစီးဌာန၏ထုတ်ပြန်ချက်အရ "လာအိုနိုင်ငံ၊ ရွှေတြိဂံအထူးစီးပွားရေးဇုန် (GTSEZ) တွင် အခြေစိုက်သော ကျောင်းဝေနိုင်ငံတကာရာဇဝတ်အဖွဲ့အစည်း (the Zhao Wei TCO) သည် မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်ဖောက်ကားမှု၊ လူကုန်ကူးမှု၊ ငွေကြေးခဝါချမှု၊ လာဘ်ပေး လာဘ်ယူမှုနှင့် တောရိုင်းတိရစ္ဆာန်တရားမဝင်ကုန်သွယ်ရောင်းဝယ်မှု လုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် ထိုနယ်မြေဒေသကို အသုံးချအမြတ်ထုတ်နေခဲ့သည်။ ထိုလုပ်ငန်းအများစုကို ရွှေတြိဂံအထူးစီးပွားရေးဇုန် အတွင်း၌တည်ရှိသော ကင်းရိုမန် ကာစီနိုလောင်းကစားရုံမှတဆင့် ပံ့ပိုးကူညီဆောင်ရွက်ခြင်းဖြစ်သည်။"

# နိဂုံးနှင့် အကြံပြုချက်များ

ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ယက် (KPSN) ၏ လေ့လာတွေ့ရှိချက်များ အရ အွန်လိုင်းလောင်းကစားလုပ်ငန်းက မြို့တော်သစ်၏အဓိကအကျဆုံးလုပ်ငန်းဖြစ်လာမည် (ဖြစ်လည်းဖြစ်နေပေပြီ)။ ရာထိုက် နိုင်ငံတကာဦးပိုင်အုပ်စု (Yatai IHG) သည် ဒေသတွင်းအွန်လိုင်းလောင်းကစားလုပ်ငန်းတစ်ရပ်အတွက် ဟန်ပြမျက်နှာစာအဖွဲ့အစည်းတစ်ခုသာဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတွင်းရှိ အလားတူစီးပွား ရေးလုပ်ငန်းများမှတဆင့် ငွေပမာဏအမြောက်အမြား အမြတ်ထုတ်ရယူခဲ့သောကုမ္ပဏီပင်ဖြစ်၏။ ထိုကုမ္ပဏီ သည် တရုတ်အစိုးရနှင့်တရားဝင်ပတ်သက်ဆက်နွယ်နေသည့်ပုံစံမျိုးမရှိသော်လည်း စီမံကိန်းအကောင် အထည်ဖော်ဆောင်ရွက်ရေးအတွက် နေပြည်တော်စစ်ဘက်အာဏာပိုင်များနှင့် (ဥပဒေရေးရာမူဘောင်များကိုချိုးဖောက်ကျော်လွန်ပြီး) နီးနီးကပ်ကပ်လက်တွဲလုပ်ကိုင်နေခဲ့သည်။

ရွှေကုက္ကိုလ်စီမံကိန်းသည် ဗမာ့တပ်မတော်အတွက် အကျိုးအမြတ်ကြီးကြီးမားမားပေးအပ်နိုင်မည့် စီမံကိန်း ဖြစ်၏။ ၁၉၉၅ ခုနှစ်တွင် အလွန်ကြီးမားသောပေးဆပ်ဆုံးရှုံးမှုများဖြင့် KNU ထံမှ မရမက ရယူခဲ့သည့် အဆိုပါမဟာဗျူဟာမြောက်နယ်စပ်ဒေသကို ထိုစီမံကိန်းမှတဆင့် သေနတ်တစ်ချက်မဖောက်ရပဲ ခိုင်ခိုင်မာမာ ထိန်းချုပ်နိုင်မည်ဖြစ်သည်။ တပ်မတော်ထိပ်သီး ခေါင်းဆောင်များအနေဖြင့်လည်း တရားမဝင်လုပ်ငန်းများ၏ ငွေကြေးအမြတ်အစွန်းများထဲမှ ဧရာမဝေစုပမာဏတစ်ရပ်ကို ရရှိပေမည်။

ထိုစီမံကိန်းက ဒေသခံကရင်ပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေမည်မဟုတ်ကြောင်း ထင်ရှားပေါ်လွင် နေသည်။ ၎င်းတို့ကိုယ်ပိုင်လယ်ယာမြေများမှ အတင်းအဓမ္မရွှေ့ပြောင်းခံရမည် ဖြစ်သည့်အပြင် စီမံကိန်း လုပ်ငန်းဖော်ဆောင်မှုတွင်လည်း ၎င်းတို့အတွက် အလုပ်အကိုင်ရရှိနိုင်ခေ အလွန်နည်းပါးသည်။ လာအိုနိုင်ငံတွင်းရှိ အလားတူ တရုတ်ကာစီနို "SEZs" များအပေါ် အခြေခံပြီးသုံးသပ်ရလျှင် ရွှေကုက္ကိုလ်ဒေသသည်လည်း ရာဇဝတ်မှု၊ မူးယစ်ဆေးဝါးတရားမဝင်ရောင်းဝယ်ဖောက်ကားမှုနှင့် ငွေကြေးခဝါချမှုများအတွက် ဗဟိုဌာန တစ်ခုဖြစ်လာနိုင်ခြေများသည်။ ထိုမှတဆင့် (လူသူစွန့် ခွာသွားသော "ရွှေဘိုထန်းမြို့တော် Golden Boten City SEZ" ကိစ္စရပ်မှာကဲ့သို့ပင်) ရေရှည်တည်မြဲမှုကင်းမဲ့သော စီမံကိန်းတစ်ခုဖြစ်လာနိုင်ပေသည်။

အရေးအကြီးဆုံးအချက်မှာ ရွှေကုက္ကိုလ်ဧရာမစီမံကိန်းကြီးက လက်ရှိငြိမ်းချမ်းရေး လုပ်ငန်းစဉ်အား မထီလေး စားပြက်ရယ်ပြုနေသည့်လုပ်ငန်းတစ်ရပ် ဖြစ်နေခြင်းပင်ဖြစ်သည်။ ၎င်းတို့ကိုယ်ပိုင်လယ်ယာမြေများ၊ အရင်းအမြစ်များ တို့နှင့်ပတ်သက်၍ ဒေသခံလူမှုအသိုက်အဝန်းများ၏ကိုယ်တိုင်ဆုံးဖြတ်ပိုင်ခွင့်ကို အာမခံပေးနိုင်မည့် ငြိမ်းချမ်းရေးသဘောတူညီချက်တစ်ရပ်နှင့် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် အကောင်အထည်ပေါ်မလာသေးချိန်တွင် နေပြည်တော်စစ်ဘက်ခေါင်းဆောင်များအနေဖြင့် ပိုင်ဆိုင်မှုပဋိပက္ခဖြစ်နေသော ကြီးမားကျယ်ပြန့်သည့်နယ်မြေတစ်ခုကို နိုင်ငံခြားဝယ်လက်များထံသို့ ထုခွဲရောင်းချပိုင်ခွင့်မရှိပေ။

သို့ဖြစ်ရာ ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ယက် (KPSN) အနေဖြင့် အောက်ပါတောင်းဆိုချက်များ ကို ထုတ်ပြန်လိုက်သည်။

နေပြည်တော်အစိုးရထံသို့တောင်းဆိုချက်များ

- ရွှေကုက္ကိုလ်အထူးစီးပွားရေးဇုန်စီမံကိန်းနှင့်သက်ဆိုင်သော ကန်ထရိုက်သဘောတူစာချုပ်များအားလုံးကိုချက်ချင်းဖျက်သိမ်းပေးရန်။ ရာထိုက် IHG နှင့် မိတ်ဖက်ကုမ္ပဏီများအား ၎င်းတို့၏ဝန်ထမ်းများ နှင့်စက်ပစ္စည်းကိရိယာများအားလုံးနှင့်အတူ ထိုနယ်မြေဒေသမှ လုပ်ငန်းရုပ်သိမ်းထွက်ခွာသွားရန်အတွက် အမိန့်ညွှန်ကြားချက်တစ်ရပ် ချက်ချင်းထုတ်ပြန်ပေးရန်။

- ခိုင်မာတည်မြဲသောငြိမ်းချမ်းရေးတစ်ရပ် ဖြစ်တည်မလာသေးမီအချိန်အထိ၊ ဖက်ဒရယ်ဖွဲ့စည်းပုံဥပဒေသစ်တစ်ရပ်အရအာဏာခွဲဝေအပ်နှင်းပြီး ဒေသခံလူမှုအသိုက်အဝန်းများအတွက် ၎င်းတို့ကိုယ် ပိုင်လယ်ယာမြေများနှင့်အရင်းအမြစ်များတို့နှင့်ပတ်သက်သည့် ကိုယ်တိုင်ဆုံးဖြတ်ပိုင်ခွင့်ကိုအာမခံချက်ပေးနိုင်ခြင်းမရှိသေးမီအချိန်အထိ တိုင်းရင်းသားဒေသများအတွင်းမှ အကြီးစားရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ အားလုံးကို ယာယီရပ်ဆိုင်းထားရန်။

ရာထိုက် IHG ထံသို့တောင်းဆိုချက်

- စီမံကိန်းနှင့်ပတ်သက်သည့်တရားဝင်စာရွက်စာတမ်းများအားလုံးနှင့်အတူ လုပ်ငန်းဖော်ဆောင်ရေးစီမံချက်အပြည့်အစုံကို အများသိအောင်ထုတ်ပြန်ဖော်ပြရန်။

တရုတ်အစိုးရထံသို့တောင်းဆိုချက်များ

- ရွှေကုက္ကိုလ် အထူးစီးပွားရေးဇုန်စီမံကိန်းကို အရေးပေါ်ကိစ္စရပ်တစ်ခုအနေဖြင့် ပြန်လှန်လေ့ လာသုံးသပ်ကာ ပြည်တွင်းဥပဒေ၊ နိုင်ငံရပ်ခြားတရုတ်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ တရုတ်နိုင်ငံ၏ ဥပဒေ၊ မူဝါဒများနှင့်စည်းမျဉ်းစည်းကမ်းများတို့ကို ဖောက်ဖျက်ခြင်းရှိမရှိ ချက်ချင်းစစ်ဆေး ပေးရန်။ တရုတ်ပြည်မကုမ္ပဏီများနှင့် ၎င်းတို့၏လက်အောက်ခံကုမ္ပဏီများ (ဟောင်ကောင် နှင့် ဗမာပြည်တွင်မှတ်ပုံတင်ထားသောကုမ္ပဏီများအပါအဝင်) ၏ ပါဝင်ပတ်သက်မှုကို စုံစမ်းစစ်ဆေးပြီး အဆိုပါစီမံကိန်းနှင့် စီမံကိန်းအကျိုးသက်ရောက်မှုများကြောင့် တရုတ်ကုမ္ပဏီများ၏ဂုဏ်သတင်းထိခိုက်ပျက်စီးခြင်းမရှိစေရန် လိုအပ်သလို အရေးယူကိုင်တွယ်ဆောင်ရွက် ရန်။

- BRI တွင် ရွှေကုက္ကိုလ်စီမံကိန်း၏ပတ်သက်ဆက်နွယ်မှုအနေအထားကို တရားဝင်ထုတ်ပြန် ပေးရန်နှင့် စီမံကိန်းဖော်ဆောင်သူတို့၏အဆိုအတိုင်း ထိုစီမံကိန်းသည် BRI နှင့် တရုတ်-မြန်မာစီးပွားရေးစင်္ကြံ၏ အစိတ်အပိုင်းတစ်ရပ်ဟုတ်မဟုတ် ရှင်းလင်းချက်ထုတ်ပြန်ပေးရန်။

# ရွှေကုက္ကိုလ်မြို့သစ်စီမံကိန်းတွင် တွေ့ရသည့် ဆောက်လုပ် နေဆဲ လုပ်ငန်းများ၊ ၂၀၂၀ ခုနှစ်







# Endnotes


1 Myanmar Herald May 28, 2016

2 ibid

3 https://khrg.org/2018/05/18-25-a2-i1/ps/hpa-an-interview-f-march-2018

4 https://www.mmtimes.com/news/new-city-project-chinese-firm-raises-hackles-kayin.html

5 https://ytkg88.com/

6 https://www.asiatimes.com/2019/03/article/a-chinatown-mysteriously-emerges-in-backwoods-myanmar/

7 https://frontiermyanmar.net/en/shwe-kokko-a-paradise-for-chinese-investment

8 https://www.dica.gov.mm/en/news/inspection-myanmar-yatai-international-holding-co-ltd-and-apex-rubber-co-ltd

9 https://www.facebook.com/103865773008399/posts/2632262906835327/

10 https://www.irrawaddy.com/news/burma/karen-state-vows-tackle-chinese-influx-myawady-brawl-erupts.html

11 https://www.facebook.com/ba.hman.353/videos/887995314920818/

12 https://www.asiatimes.com/2019/03/article/a-chinatown-mysteriously-emerges-in-backwoods-myanmar/

13 https://www.asiatimes.com/2019/03/article/a-chinatown-mysteriously-emerges-in-backwoods-myanmar/

14 https://burma.irrawaddy.com/article/2019/09/03/202812.html

15 https://burma.irrawaddy.com/article/2019/09/03/202812.html

16 https://frontiermyanmar.net/en/shwe-kokko-a-paradise-for-chinese-investment

17 https://frontiermyanmar.net/en/shwe-kokko-a-paradise-for-chinese-investment

18 https://www.followingthemoney.org/wp-content/uploads/2019/02/2017_State-Council_Guidelines-on-Further-Guiding-and-Regulating-Overseas-Investment_E.pdf

19 https://www.bloomberg.com/news/articles/2019-08-21/china-wants-philippines-online-gaming-ban-after-halting-permits

20 https://ytkg88.com/

21 https://ytkg88.com/%E4%B8%80%E5%B8%A6%E4%B8%80%E8%B7%AF%E4%B8%AD%E6%B3%B0%E7%BC%85%E7%BB%8F%E6%B5%8E%E8%B5%B0%E5%BB%8A/

22 http://www.xinhuanet.com/world/2017-09/17/c_1121677670.htm

23 https://mp.weixin.qq.com/s/WHlOIsgN7pL0pQgbD_haBQ

24 https://mp.weixin.qq.com/s/rOBECX5Oc5qwv6EDFI7_1g

25 http://www.credkt.com.cn/index.asp

26 http://www.cred.com/

27 https://www.hkmcfa.com/38364260442510520497-about-us.html

28 www.yataicity.com

29 https://ytkg88.com/%e4%ba%9a%e5%a4%aa%e9%80%9f%e5%ba%a6-%e5%a4%a9%e4%b8%8b%e9%9b%86%e5%9b%a2%e4%ba%9a%e5%a4%aa%e5%9f%8e%e7%a7%91%e6%8a%80%e5%b0%8f%e9%99%a2120%e5%a4%a9%e5%ae%8c%e6%88%90%e4%bb%8e/

30 Gambling on the Future: Casino Enclaves, Development, and Poverty Alleviation in Laos, Kearrin Sims (2018)

31 Brian Eyler, *The Last Days of the Mighty Mekong* (Zed Books, 2019)

32 https://www.aljazeera.com/programmes/peopleandpower/2017/05/laos-borders-empire-170522105221541.html

## KPSN အကြောင်း

ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ယက် (KPSN) သည် မြန်မာနိုင်ငံအတွင်း ကရင်လူထုအခြေပြုအဖွဲ့အစည်းများပါဝင်သော အကြီးမားဆုံးသော ကွန်ရက်တစ်ခုဖြစ်သည်။ KPSN အဖွဲ့ဝင်များသည် လုံခြုံမှုကင်းမဲ့သော ပဋိပက္ခသက်ရောက်မှုခံရသော ကရင်လူမှုအသိုင်းအဝန်းများ၊ နိုင်ငံတွင်း အိုးအိမ်ရွှေ့ပြောင်းနေထိုင်သူများနှင့်ဒုက္ခသည်များအတွက် ဆယ်စုနှစ်ပေါင်းများစွာ လူသားချင်းအထောက်အပံ့များ ကူညီပံ့ပိုးပေးလာခဲ့သည်။ KPSN သည် ဒေသခံကရင်တိုင်းရင်းသား လူမှုအသိုင်းအဝန်းများကို လုပ်ပိုင်ခွင့်များမြှင့်တင်ပေးခြင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အကြောင်းအသိပညာပေးခြင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများမှတ်တမ်းတင်ခြင်းနှင့် မြန်မာနိုင်ငံ ကရင်တိုင်းရင်းသားဒေသများအတွင်း ရေရှည်တည်တန့်မည့်၊ တန်းတူညီမျှသောငြိမ်းချမ်းရေးရရှိရေးစည်းရုံးလှုံ့ဆော်ခြင်းများ ဆောင်ရွက်သည်။

မတ် ၂၀၂၀

ဆက်သွယ်ရန်

**kpsn14@gmail.com**